ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ရက်၊ စနေနေ့၊ (19-6-2004) (၄၂၆၉)

ပုဗ္ဗေ စ ကတ ပုညတာ၊ တေ၊ံ မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူနိုကယ်ကုမ္ပဏီအဖွဲ့ အား လက်ခံတွေ့ဆုံ

မိုးသည်းမည် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန် ဇွန် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Unocal Myanmar Offshore Co., Ltd.**မှ** Senior Vice President, Global Marketing, Unocal Corporation, Mr. Randy Howard **နှင့်အဖွဲ့အား ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် Mr. Randy Howard နှင့်အတူ (Myanmar, Thailand, Vietnam), I.E.O, South East Asia, Chairman, Mr. Steve Green နှင့် Unocal (Myanmar) President, Mr. David C. Peters တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကြီး အောင်မြင်ရမည်ဆိုသည့် တူညီသောရည်မှန်းချက်ဖြင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး အပြုသဘောဆောင်သည့် အကြံဉာဏ်များ၊ ဆန္ဒများကို တင်ပြကြ၍ အလွန်ဝမ်းသာအားတက်စရာကောင်း လုပ်ငန်းကော်မတီအနေဖြင့် အစုအဖွဲ့ရှစ်ဖွဲ့က တင်ပြလာသည့်စာတမ်းများကို အထပ်ထပ်ဖတ်ကြားလေ့လာ အစုအဖွဲ့များနှင့် တိုင်ပင်၊ ညှိနှိုင်း၊ ဆွေးနွေးပြီး နိုင်ငံတော်အတွက် အခြေခံကောင်းများရရှိအောင် ကြိုးပမ်းနေ

ရန်ကုန် ဇွန် ၁၈

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၂/၂၀၀၄)ကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂)၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံ အစည်းအဝေးကျင်းပခဲ့သည်မှာ ပဉ္စမပတ် ကုန်ဆုံးပြီဖြစ်ကြောင်း၊ သီတင်းပတ်များ တစ်ပတ်ပြီးတစ်ပတ် ကုန်ဆုံးလာသည်နှင့်အမျှ အစည်းအဝေး၏ အရှိန်အဟုန်သည်လည်း ပိုမိုမြင့်မားပြီး အရေးကြီးသည့်အပိုင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြခဲ့သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး ညီလာခံကိုယ်စားလှယ်များက တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း မိမိတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များကို အစုအဖွဲ့လိုက် အစည်းအဝေးများတွင် ပွင့်ပွင့်လင်းလင်း ဖတ်ကြားရှင်းလင်းတင်ပြခဲ့ကြသည်များမှာ ရှေ့ဆက်သွားမည့် ဒီမိုကရေစီနိုင်ငံသစ်အတွက် အားတက်ဖွယ်ရာ အလေ့အကျင့်ကောင်းများဖြစ်ကြောင်း၊ ရှေ့ဆက်သွားမည့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်အနက် ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည် ပထမဆုံးခြေလှမ်းဖြစ်ပြီး ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက်လည်း အခြေခံအကျဆုံးဖြစ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲနိုင်ရန်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

The Mirror
၁၉-၆-၂၀၀၄
(စနေနေ့)

လူနေမှုဘဝ မြင့်မားတိုးတက်ရေး ရှေးရှု ပြည်သူတိုင်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက နယ်မြေဒေသတစ်ခုနှင့် တစ်ခုအကြား၊ မြို့ပြနှင့်ကျေးလက်ဒေသများအကြား၊ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ဘက်စုံ၊ ကဏ္ဍစုံက အကောင်အထည်ဖော် တည်ဆောက်ပေး လျက်ရှိသော အချိန်အခါဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေး နှင့် စီးပွားရေးဖြစ်ထွန်းတိုးတက်ရေးကိုရှေးရှုပြီး ဒေသအလိုက် ဖွံ့ဖြိုးရေး လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ မြို့နယ်အဆင့် တာဝန်ခံဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံးက မိမိတို့မြို့နယ် အလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ် ပူးပေါင်း ကြိုးပမ်း လုပ်ကိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက် စေရေး အစီအမံများ ချမှတ်ဖော်ဆောင်ရာတွင် အဓိကလိုအပ်ချက်ဖြစ် သည့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။

သာဓကအားဖြင့် ရခိုင်ပြည်နယ်တွင် စစ်တွေ-ရန်ကုန် လမ်းမကြီး ကို ဖောက်လုပ်ပေးထားသဖြင့် စစ်တွေမှ ရန်ကုန်မြို့တော်နှင့် အခြားသောပြည်နယ်၊ တိုင်းဒေသများသို့ လွယ်ကူစွာကူးသန်းသွားလာ နိုင်ကြပြီဖြစ်သည်။

ယခုအခါ စစ်တွေ-အမ်း-မင်းဘူးလမ်း၊ စစ်တွေ-တောင်ကုတ်- ပန်းတောင်း-ပြည်လမ်း၊ စစ်တွေ-တောင်ကုတ်-ဂွ-ငါးသိုင်းချောင်းလမ်း များကို အသုံးပြု၍ အချိန်အခါမရွေး သွားလာနိုင်ကြပြီဖြစ်ရာ ဒေသ ဖွံ့ဖြိုးရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတို့အတွက် များစွာ အထောက်အကူပြုလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန်လ ၉ ရက်နှင့် ၁၁ ရက်နေ့များက ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်တို့သို့သွားရောက်ပြီး စစ်တွေ- အမ်းလမ်းပိုင်းရှိ လမ်း၊ တံတားများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ခရီးစဉ်အတွင်း မြို့နယ် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် တံတားများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စစ်တွေ-အမ်းလမ်းအပိုင်းများ ရာသီမရွေးသွားလာနိုင်ရေး၊ ကောင်းမွန်နေစေရန် မွမ်းမံထိန်းသိမ်းရေး၊ တံတားကြီး၊ တံတားငယ်များ အစဉ်ကြံ့ခိုင်နေစေရေးတို့အတွက် ဂရု တစိုက် ထိန်းသိမ်းဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

ပုဏ္ဏားကျွန်းမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ငရုတ်ကောင်းမျိုးပြန့် ပွားရေးနှင့် ပညာပေးရေး စံပြခြံတွင် ငရုတ်ကောင်းအစေ့မှ စိုက်ပျိုးပင် နှစ်သိန်း၊ ကိုင်းကူးပင်နှစ်သိန်း ပျိုးထောင်ထားရှိသည်။ အဆိုပါ စိုက်ပျိုးရေး စံပြခြံမှ ငရုတ်ကောင်းပျိုးပင်များကို ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးတို့မှ ငရုတ်ကောင်းစိုက်ပျိုးသူ များထံ ဖြန့်ဝေသွားမည် ဖြစ်ကြောင်းသိရသည်။

ပုဏ္ဏားကျွန်းမြို့နယ် ဘဲငါးရာတောင်ခြေ လယ်ယာမြေဧက ၁၀၀၀ ဖော်ထုတ်ရေးစီမံကိန်းတွင် စက်ယန္တရားများဖြင့် လယ်ယာမြေ များ ဖော်ထုတ်လုပ်ကိုင်လျက်ရှိသည်။ အဆိုပါ လယ်ယာမြေဖော် ထုတ်ရေးလုပ်ငန်းကို သုံးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဧက ၂၈၀ ကျော်ဖော်ထုတ်ပြီးစီးလျက်ရှိပြီး ဧက ၃၀၀ ထပ်မံဖော်ထုတ်ပြီးစီးရေး ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန် တိုးတက်ရေး အစီအမံများအပါအဝင် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက် ရှိရာ ဒေသခံပြည်သူများက တိုင်းရင်းသားပြည်သူအားလုံး လူနေမှု အဆင့် တိုးတက်မြင့်မားရေး ရှေးရှုဆောင်ရွက်လျက်ရှိသည့် စီမံကိန်း လျာထားချက်များ ပြည့်မီကျော်လွန်အောင် တက်တက် ကြွကြွ ပါဝင် ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေနှင့် ကော်မတီဝင်များ ဆိပ်ကမ်းတံတားများတွင် ကုန်တင်/ ကုန်ချလုပ်ငန်းများကို ကြည့်ရှုစစ် ဆေးစဉ်။ (ဝန်ကြီးချုပ်ရုံး)

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကုန်တင်/ ကုန်ချလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၈

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များလိုက်ပါပြီး ယနေ့ မွန်းလွဲ ၂နာရီတွင် အမှတ်(၂) သစ်တောထွက်ပစ္စည်း ကုန်သေတ္တာစစ်ဆေးရေးစခန်းသို့ သွားရောက်စစ်ဆေးသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး နှင့် တာဝန်ရှိသူများက ဝန်ကြီးအား ကြိုဆိုကြပြီး ၎င်းစခန်းတွင် သစ်နှင့် ပတ်သက်သည့် ပို့ကုန် ကုန်သေတ္တာများ၊ သွင်းကုန် ကုန်သေတ္တာများအား အကောက်ခွန်နှင့် သစ်တောဦးစီးဌာနမှ ဖွင့်ဖောက်စစ်ဆေးမှုကို ကြည့်ရှု စစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဗိုလ်အောင်ကျော် ကုန်သေတ္တာစစ်ဆေးရေး စခန်းသို့ ရောက်ရှိလာပြီး သွင်းကုန်နှင့် ပို့ကုန်/ကုန်သေတ္တာများကို ဖွင့်ဖောက် စစ်ဆေးနေခြင်း၊ ဓာတ်ရောင်ခြည် ဖြင့်ကုန်သေတ္တာများကို ဖြတ်သန်း စစ်ဆေးနေခြင်းတို့ကို စစ်ဆေးသည်။ ဝန်ကြီးသည် တာဝန်ရှိသူများအား ပြည်ပသို့တင်ပို့မည့်ပစ္စည်းများ နှောင့် နှေးကြန့်ကြာမှုမရှိစေဘဲ မှန်ကန် မြန်ဆန်စွာ တင်ပို့နိုင်ရေးဆောင်ရွက်ပေးကြ ရန်မှာကြားပြီးနောက် ဆူးလေဆိပ်ကမ်း တံတားသို့ ရောက်ရှိလာပြီး ဆိုက်ကပ် လျက်ရှိသော သင်္ဘောများပေါ်သို့ ပြည်ပတင်ပို့မည့်သစ်နှင့် ပဲများ တင်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး ခဲ့သည်။ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်း ရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့ကို တာဝန်ရှိသူများအားမှာကြားကာ ညနေ ၃နာရီခွဲတွင် ပြန်လည်ထွက်ခွာသွား သည်။

(သတင်းစဉ်)

ကွန်ပျူတာပညာရှင်အသင်း Seminar ကျင်းပမည်

ရန်ကုန် ဇွန် ၁၈

ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCSA)ကကြီးမှူး၍ Seminarများ ကို ကျင်းပလျက်ရှိရာ "Seminar on OJT Engineers Experience in Japan"ကို ဇွန်၂၆ရက် စနေနေ့နံနက် ၉နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ လှိုင် တက္ကသိုလ်နယ်မြေရှိ MICT Park (Room-205)၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဝင်များ၊ ITပညာရှင်များနှင့်စိတ်ပါ ဝင်စားသူ မည်သူမဆို တက်ရောက်နိုင် သည်။ (သတင်းစဉ်)

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုကော်မတီ ဈေးဝယ်လမ်းညွှန်စာအုပ် ထုတ်ဝေမည်

ရန်ကုန် ဇွန် ၁၈

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကော်မတီ၊ အမှတ်တရ ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးဆပ်ကော်မတီက ကမ္ဘာလှည့်ခရီး သည်များအတွက် နှစ်စဉ် ထုတ်ဝေမြဲဖြစ်သော Shopping Guide Book ကို ပွင့်လင်းရာသီအမီ စတုတ္ထအကြိမ် ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။

စာအုပ်တွင် ကမ္ဘာလှည့်ခရီးသွားများ ဝယ်ယူသည့် အမှတ်တရပစ္စည်းများ၊ လွယ်ကူချောမွေ့စွာ ယူဆောင်သွားနိုင်မည့် Export Permit ကဲ့သို့သုံးနိုင်သည့် သမဝါယမဦးစီးဌာန၏ Cashmemo အကြောင်းကို အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမန်ဘာသာများဖြင့် ပြန်ဆိုဖော်ပြပေးမည်ဖြစ်သည်။

ဖော်ပြထားမည်

ထို့အပြင် General Information အနေဖြင့် သွားလာမှု လွယ်ကူ စေရန် မြေပုံများပေါ်တွင် အရောင်းဆိုင်များ၊ Hotel များ၊ စားသောက်ဆိုင်များ၏ Location များကို ထည့်သွင်းဖော်ပြပေးထားခြင်း၊ မြန်မာလူမျိုးနှင့်ယဉ်ကျေးမှု၊ မြန်မာ့ရာသီဥတု၊ မြန်မာ့ပွဲလမ်းသဘင်များ၊ မြန်မာနိုင်ငံတွင်း ဈေးဝယ်ခြင်းဖြင့် ငွေပေးငွေယူစနစ်များ၊ စည်းမျဉ်းများနှင့် အကောင်းဆုံးဈေးဝယ်လမ်းညွှန်များ၊ ခရီးသည်များစိတ်ဝင်စားစွာ လေ့လာနိုင်ရန် ပြည်နယ်/တိုင်းများနှင့် ပြတိုက်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များ၊ ယွန်းထည်ပစ္စည်းအရောင်းဆိုင်များ၊ ပန်းချီ၊ပန်းပုအရောင်း ဆိုင်များ၊ ကြိမ်လုပ်ငန်းနှင့် ကြိမ်ထည်များ၊ ငွေထည်ပစ္စည်း၊ငွေချည်ထိုးများ စသည်တို့ကို ဖော်ပြထားမည်ဖြစ်သည်။

ထို့အပြင် စာအုပ်တွင်အရေးကြီး တယ်လီဖုန်းနံပါတ်များ၊ မြန်မာနိုင်ငံ တွင်းရှိ အခြားနိုင်ငံများ၏ သံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ တယ်လီဖုန်းနံပါတ်များကိုလည်း ထည့်သွင်းဖော်ပြထားမည်ဖြစ်သည်။

Shopping Guide Book တွင် ကြော်ငြာထည့်သွင်းသော လုပ်ငန်းရှင် များအား ပြန်လည်၍ ကျေးဇူးတုံ့ပြန့်သောအားဖြင့် အင်တာနက်တွင် ကြော်ငြာ များကို ခြောက်လ အခမဲ့လွှင့်တင်ပေးမည်ဖြစ်သည်။

စာအုပ်ကို အုပ်ရေ ၅၀၀၀ထုတ်ဝေပြီး သက်ဆိုင်ရာ လုပ်ငန်းများနှင့် လေဆိပ်များတွင် အခမဲ့ဖြန့်ချိပေး၍ Gift Exhibition များ၊ Whole Saler Retailerများ၏လိပ်စာကို Internetမှ ရယူပြီး စာတိုက်မှအရောက်ပို့ပေးမည် ဖြစ်ပြီး အင်တာနက်တွင် shopping. com.mmဖြင့် ဆက်လက် ကြော်ငြာ ပေးမည် ဖြစ်သည်။

အခမဲ့ဖြန့်ဝေ

ဝန်ကြီးဌာနများနှင့် အစိုးရရုံးများ၊ မြန်မာနိုင်ငံရှိ နိုင်ငံတကာသံရုံးများ၊ နိုင်ငံခြားရှိမြန်မာသံရုံးများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ လေကြောင်း လိုင်းများနှင့် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင် များတွင်လည်း အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။

သို့ဖြစ်၍ ကြော်ငြာထည့်သွင်းလိုပါက ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) သမဝါယမဝန်ကြီးဌာန၊ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုကော်မတီနှင့် အမှတ်တရပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး ဆပ်ကော်မတီ ဖုန်း- ၂၄၃၈၅၆၊ D.P.S ၁၆၅-၁၆၇၊ ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ Tel; 204020, 204092, 700541 E-mail; dps@myanmar. com. mm နှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်၅၀ (စီ) နေ ဒေါ်မမကြီးမိသားစုတို့က နှစ်ဖက်သောမိဘများနှင့် ဦးတင်မောင်(သား) ကိုဌေးအောင်တို့အား ရည်စူး၍ ဇွန် ၁၃ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းထွင့်နှင့် အဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင်(ငြိမ်း)တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မီးလောင်ပျက်စီး

ဇွန် ၁၆ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ကားဗုံး ပေါက်ကွဲပြီးနောက် မီးလောင်ပျက်စီး နေသည့် ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘုရှ်သည် စစ်အင်အားအပေါ် အလွန်အမင်းအားကိုး

နိုင်ငံထက်စီးနင်းဝါဒကိုကျင့်သုံးနေကြောင်း ကန်အထက်တန်းအငြိမ်းစားများ ဝေဖန်ပြောကြား

ဝါရှင်တန် ဇွန် ၁၇

အမေရိကန်သမ္မတဂျော့ဂျ်ဒဗလျူ ဘုရှ်သည် အမေရိကန်ပြည်ထောင်စုအား အီရတ်စစ်ပွဲအတွင်းသို့ ဆွဲသွင်းခဲ့ပြီး ယင်းလုပ်ရပ်ကြောင့် အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေး အားနည်းခဲ့ရကြောင်း အငြိမ်းစားသံတမန်များနှင့် စစ်ဘက်ဆိုင်ရာ အရာရှိများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

လက်ရှိ အမေရိကန်အစိုးရ၏ မူဝါဒများသည် အမျိုးသားလုံခြုံရေး ထိန်းသိမ်းရာတွင် အောင်မြင်မှု မရခဲ့ကြောင်း၊ မိမိတို့ အပြောင်းအလဲတစ်ခု ပြုလုပ်ရန် လိုအပ်နေပြီဖြစ်ကြောင်း အငြိမ်းစား ၂၇ဦးတို့ စုပေါင်း လက်မှတ်ရေးထိုးထားသည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်များ၊ အဓိက နိုင်ငံရေးပါတီနှစ်ခုမှ အဖွဲ့ဝင်များ၊ ဆိုဗီယက် ပြည်ထောင်စုဆိုင်ရာ သံအမတ်ကြီးဟောင်းနှစ်ဦးနှင့် အငြိမ်းစားဒုတိယကာကွယ်ရေးဦးစီးချုပ် တစ်ဦးတို့ ပါဝင်သည့်အုပ်စုက ဖော်ပြပါအတိုင်း ဝေဖန်ထိုးနှက်လိုက်ကြခြင်းဖြစ်သည်။

အီရတ်စစ်ပွဲကြောင့် အမေရိကန်ပြည်ထောင်စု ပိုမိုလုံခြုံလာကြောင်းဖြင့် သမ္မတဘုရှ်က ဒီမိုကရက်ပါတီမှ အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီအား ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ စောဒကတက်ပြောကြားခဲ့မှုကို အဆိုပါ အုပ်စုက စိန်ခေါ်ပြီး ဘုရှ်၏အမျိုးသားလုံခြုံရေး အခြေအနေကိုထိုးနှက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ မိမိတို့ လုံခြုံရေးအခြေ အနေသည် အားနည်းလျက်ရှိကြောင်း ၎င်းအုပ်စုက ပြောကြားသည်။

သမ္မတဘုရှ်သည် အီရတ်နိုင်ငံဆိုင်ရာ ထောက်လှမ်းရေးသတင်းများအား မမှန်မကန် ပုံကြီးချဲ့ကားခဲ့ပြီး ငွေကုန်ကြေးကျများကာ ထွက်ပေါက်ရှိရန် မရေရာမသေချာသည့် စစ်ပွဲကြီးသို့ ဦးဆောင်ဆွဲသွင်းခဲ့ကြောင်း အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်ဟောင်းတစ်ဦးက ပြောကြားသည်။

သမ္မတဘုရှ်သည် စစ်ဘက်ဆိုင်ရာ စွမ်းပကားအပေါ် အလွန်အမင်းအားကိုးပြီး နိုင်ငံထက်စီးနင်းဆန်သည့် နိုင်ငံခြားရေးဝါဒကို ကျင့်သုံးနေကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ အစဉ်အလာရှိသည့် မဟာမိတ်နိုင်ငံများ၏ စိုးရိမ်မကင်းဖြစ်မှုများကို လျစ်လျူရှုကာ ကုလသမဂ္ဂကိုလည်း အဖက်မတန်သလိုဆက်ဆံခဲ့ကြောင်း ၎င်းအုပ်စုက ပြောကြားသည်။ ၂၂၅ နှစ်ရှိပြီဖြစ်သည့် အမေရိကန်နိုင်ငံ၏ သမိုင်းတွင် အမေရိကန်ပြည်ထောင်စုအား ထိတ်လန့်ကြောက်ရွံ့ပြီး ယုံကြည်မှုကင်းကာ အခြားနိုင်ငံများနှင့် တစ်သီတခြားစီ နေခဲ့ရသည့်ကာလမျိုး မရှိခဲ့ကြောင်း ၎င်းအုပ်စုက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်တွင် ရိက္ခာဖြန့်ဖြူးမှုဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာနိုင်

ကန်တာဝန်ရှိသူများက အောက်လွှတ်တော်တွင် ပြောကြား

ဝါရှင်တန် ဇွန် ၁၇

အမေရိကန်က အီရတ်ပြည်သူများထံ လာမည့်ရက်သတ္တနှစ်ပတ်အတွင်း အာဏာလွှဲပြောင်းပေးပြီးသည့်နောက် စားနပ်ရိက္ခာဖြန့်ဖြူးရေးလုပ်ငန်းသည် ဆိုးရွားလာ သည့် လုံခြုံရေးအခြေအနေကြောင့် ပြဿနာပေါင်းစုံ ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက အောက်လွှတ်တော်တွင် ပြောကြားသည်။ တွန်းလှန်တိုက်ခိုက်သူများက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ အရပ်သားများကိုလည်းကောင်း အရှိန်မြှင့်တိုက်ခိုက်နေမှုကြောင့် အီရတ်နိုင်ငံအား အမေရိကန် သိမ်းပိုက်ထားမှုသည် ခက်ခဲကြမ်းတမ်းမှုများဖြင့် ကြုံတွေ့နေရသည်။ ယင်းစားနပ်ရိက္ခာအကျပ်အတည်းကြောင့် အမေရိကန်တို့၏ ကြိုးပမ်းမှုများအား အီရတ်ပြည်သူများ၏ ထောက်ခံမှု ကျဆင်းနိုင်သည်။

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီ အုပ်ချုပ်ရေးမှူးဖြစ်သူ အင်ဒရူးနတ်စီယိုက စားနပ်ရိက္ခာဖြန့်ဖြူးရေး ပြဿနာများ တွေ့ကြုံရခြင်းသည် စားနပ်ရိက္ခာရှားပါးမှုကို ဖြစ်စေနိုင်သဖြင့် ကြောက်မက်ဖွယ်ကောင်းကြောင်း အောက်လွှတ်တော် စိုက်ပျိုးရေးကော်မတီတွင် ပြောကြားခဲ့သည်။

စားနပ်ရိက္ခာ ဖြန့်ဖြူးမှုအကျပ်အတည်းဆိုက်ခြင်းသည် ဆင်းရဲသားပြည်သူများအတွက် ခြိမ်းခြောက်မှုအန္တရာယ်တစ်ရပ်ဖြစ်သလို ပြည်သူလူထုအတွင်း တည်ငြိမ်မှုမရှိအောင် ဖန်တီးနိုင်ကြောင်း နတ်စီယိုက ဆက်လက်ပြောကြားသည်။ အီရတ်နိုင်ငံက အဓိကအားဖြင့် ပြည်ပမှ ဂျုံ၊ ဆန်၊ ဆီနှင့် အခြားအခြေခံစားသောက်ကုန်ပစ္စည်းများကို မှာယူတင်သွင်းနေရသည်။

အီရတ်နိုင်ငံအတွက် စားနပ်ရိက္ခာဝယ်ယူတင်သွင်းရာတွင် ရေနံဝင်ငွေမှ အဓိကရရှိနေရာ ယခုရက်သတ္တပတ်အတွင်း အီရတ်နိုင်ငံ၏ ရေနံပိုက်လိုင်း ဖျက်ဆီးခံရမှုသည် နိုင်ငံ၏ စားနပ်ရိက္ခာဖြန့်ဖြူးမှုကို အဟန့်အတားဖြစ်စေနိုင်ကြောင်း အောက်လွှတ်တော်ကော်မတီမှ အထက်တန်း ဒီမိုကရက်ပါတီမှ ကိုယ်စားလှယ် စတန်းဟုမ်းက ထောက်ပြသည်။ အီရတ်နိုင်ငံ၏ စားနပ်ရိက္ခာမှာ ရက် ၃၀ စာသာ ဖြန့်ဖြူးရန်ကျန်တော့ကြောင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းသည့် ဓာတ်ပုံများ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ဖွယ်ရှိ

လန်ဒန် ဇွန် ၁၇

ဗြိတိသျှတပ်ဖွဲ့ဝင်များအား စွဲချက်တင်စေသည့် အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုပြုသည့် ရှုမုန်းဖွယ် ဓာတ်ပုံများကို ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနက လူသိရှင်ကြား ထုတ်ပြန်နိုင်ဖွယ်ရှိကြောင်း ဗြိတိသျှအင်ဒီပင်းဒင့် သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြထားသည်။

အကျဉ်းသားများအား အဓမ္မမတော်တရော်လုပ်ခိုင်းမှု၊ ကိုယ်တုံးလုံးချွတ်ပြီ ပါးစပ်ကိုစည်းထားသည့် အကျဉ်းသားတစ်ဦးကို ဝန်ချီစက်မှ ပိုက်ဖြင့် ဆွဲထားမှုစသည့် ဓာတ်ပုံများကိုဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ရန် စဉ်းစားနေကြောင်း သတင်းစာက ဖော်ပြထားသည်။

အောင်ပွဲရ အထိမ်းအမှတ်ဓာတ်ပုံများအဖြစ် ရိုက်ကူးထားသော ထိုဓာတ်ပုံများမှာ ဗြိတိသျှတော်ဝင် သေနတ်ကိုင်တပ်ရင်းမှ ဗြိတိန်တပ်ဖွဲ့ဝင် လေးဦးအား အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှုသဲလွန်စ အထောက်အထားဖြစ်လာရကြောင်း သတင်းစာအရ သိရသည်။

အီရတ်အကျဉ်းသားများ ညှဉ်းပန်းမှုအတွက် အဆိုပါ ဗြိတိန်တပ်ဖွဲ့ဝင်လေးဦးအား စစ်ခုံရုံးတင်ရန် ဗြိတိန်စစ်တပ် တရားစွဲဆိုရေး အာဏာပိုင်အဖွဲ့က ဆုံးဖြတ်လိုက်ကြောင်းဖြင့် ဗြိတိသျှရှေ့နေချုပ် လော့ဒ်ဂိုးစမစ်က တနင်္လာနေ့တွင် ကြေညာသည်။

အဆိုပါ ဗြိတိန်တပ်ဖွဲ့ဝင်လေးဦး အခြေချရာ ဂျာမနီနိုင်ငံ ဟမ်းဘတ်အနီး ဆဲလီဦ ၎င်းတို့လေးဦးကို စစ်ခုံရုံးတင်မည်ဖြစ်ကြောင်း အင်ဒီပင်းဒင့်သတင်းစာက ဖော်ပြလိုက်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု

ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦးကို တရားစွဲဆိုမည်

လန်ဒန် ဇွန် ၁၇

အီရတ်နိုင်ငံသားအကျဉ်းသားများအား မတော်တရော် ညှဉ်းပန်းနှိပ်စက်ကျူးလွန်မှုနှင့် ပတ်သက်၍ ဗြိတိန်အစိုးရက တော်ဝင်တပ်ရင်းမှ တပ်ဖွဲ့ဝင်လေးဦးကို စွဲချက်တင်မည်ဖြစ်ကြောင်း ရှေ့နေချုပ်ရုံးက တနင်္လာနေ့တွင် ပြောကြားသည်။

အစဉ်အလာ

စွဲချက်တင်ခံရသည့် တပ်ဖွဲ့ဝင်များမှာ လေးဦးဖြစ်ကြောင်း၊ ယင်းစွဲချက်များမှာ ကိုယ်ထိလက်ရောက်ကျူးလွန်မှု၊ မတော်တရော် ကျူးလွန်မှု၊ စစ်စည်းကမ်းနှင့် ကောင်းမွန်သည့် အစဉ်အလာများကို မျက်စိမှိတ်ဘက်လိုက်မှုစသည့် စစ်ဘက်ဆိုင်ရာ စွပ်စွဲချက်များ ပါဝင်သည်ဟု ရှေ့နေချုပ်၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။ အဆိုပါ တပ်ဖွဲ့ဝင်လေးဦးအား စွပ်စွဲထားမှုများတွင် အကျဉ်းသားအချင်းချင်း အရှက်တကွဲအကျိုးနည်းစေသည့် အပြုအမူများ ဆောင်ရွက်စေခဲ့ဖွယ်ရှိသည့် အမှုများ ပါဝင်သည်ဟု ရှေ့နေချုပ် လော့ဒ်ဂိုးစမစ်၏ ထုတ်ပြန်ကြေညာ ချက်တွင် ဖော်ပြထားသည်။ ယင်းအမှုအခင်းများသည် အရပ်သားများအား ယာယီထိန်းသိမ်းထားခဲ့စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

အထောက်အထား

ယင်းစွပ်စွဲချက်တွင် ဗြိတိန်နိုင်ငံအတွင်း ဖော်ပြခဲ့သည့် ဓာတ်ပုံ အထောက်အထားများလည်းပါဝင်ပြီး ဗြိတိသျှရဲတပ်ဖွဲ့အား ရည်ညွှန်းထားကြောင်း ကြေညာချက်အရ သိရှိရသည်။

ယင်းတပ်ဖွဲ့ဝင်များအား စစ်ခုံရုံးတွင် စစ်ဆေးမည်ဖြစ်ပြီး လူသိရှင်ကြား စစ်ဆေးမည်ဖြစ်ကာ စစ်ဆေးမည့်ရက်ကို သတ်မှတ်ထားခြင်းမရှိပေ။ ***အမ်အင်အေ၊ ရိုက်တာ။***

ဇွန် ၁၄ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးနေ သည့်အဆောက်အအုံကြားမှ ဒဏ်ရာရသူတစ်ဦးကို ဆွဲထုတ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်တောင်ဘက်တွင် မော်တော်ယာဉ်တန်း ဗုံးထိမှန် အီရတ်တွင် ပထမဆုံး ဟန်ဂေရီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘူဒါပက် ဇွန် ၁၇

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တောင်ဘက်တွင် ကြာသပတေးနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဟန်ဂေရီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးရကြောင်း၊ အီရတ်နိုင်ငံတွင် ဟန်ဂေရီတပ်ဖွဲ့ဝင် သေဆုံးမှုမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဖရန့်စ်ဂျူဟက်ဇ်က ပြောကြားသည်။

အီရတ်နိုင်ငံ ဟီလာမြို့တွင် အခြေစိုက်သည့် အမှတ်(၈) ဟန်ဂေရီ အခြေစိုက်စခန်းမှနေ၍ မိမိတို့တပ်ဖွဲ့ဝင် ၄၇ဦး ပါဝင်သည့် မော်တော်ယာဉ်တန်းသည် ယူကရိန်းအခြေစိုက် စခန်းသို့ မောင်းနှင်လာစဉ် တိုက်ခိုက်ခံရသဖြင့် အသက် ၂၇နှစ်အရွယ်ရှိ ဟန်ဂေရီတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း ဂျူဟက်ဇ်က ပြောကြားသည်။

ဟန်ဂေရီတပ်ဖွဲ့ မော်တော်ယာဉ်တန်းဘေးမှနေ၍ ဗုံးပေါက်ကွဲခဲ့ကြောင်း ၎င်းက ပြောကြားသည်။

မြို့တော် ဘဂ္ဂဒက် အရှေ့တောင်ဘက် ၄၃ မိုင်အကွာ အက်ဆူဝေရာဒေသတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ဟန်ဂေရီ မော်တော်ယာဉ်တန်းသည် ယူကရိန်းအခြေစိုက် တပ်စခန်းသို့ ရေပို့ဆောင်စဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ဟန်ဂေရီနိုင်ငံတွင် အထူးသဖြင့် ထောက်ပံ့ပို့ဆောင်ရေး ကျွမ်းကျင်သည့် တပ်ဖွဲ့ဝင်အများစုဖြစ်သည့် တပ်ဖွဲ့ဝင် ၃၀၀ ကို ၂၀၀၃ ခုနှစ် စက်တင်ဘာလမှစ၍ အီရတ်တွင် ဖြန့်ကြက်ထားခဲ့သည်။ ဟန်ဂေရီပါလီမန်သည် တပ်ဖွဲ့ဝင်များကို ၂၀၀၄ ခုနှစ် နှစ်ကုန်ဆုံးချိန်အထိ အီရတ်၌ ဖြန့်ကြက်ရန် ခွင့်ပြုပေးခဲ့သည်။

ဟန်ဂေရီနိုင်ငံတွင် အတိုက်အခံများက အီရတ်မှတပ်ဖွဲ့ ရုပ်သိမ်းရန် အစိုးရအဖွဲ့သို့ မကြာသေးမီက တိုက်တွန်းခဲ့သည်။ သို့ရာတွင် အီရတ်၌ ဖြန့်ကြက်ထားပြီးဖြစ်သော ဟန်ဂေရီတပ်ဖွဲ့ဝင်များကို ၎င်းတို့၏ မစ်ရှင်သက်တမ်း ကုန်ဆုံးချိန်အထိ တာဝန်ထမ်းဆောင်စေရန် ခွင့်ပြုပေးသင့်သည်ဟု အစိုးရကကြေညာခဲ့သည်။ ***အင်တာနက်။***

ဇွန် ၁၄ ရက်က အဘူဂါရိပ်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် အီရတ်အကျဉ်းသားတစ်ဦးက သမီးဖြစ်သူကို ပွေ့ဖက်နှုတ်ဆက်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒုတိယသမ္မတဒစ်ချေနီ အလုပ်လုပ်ခဲ့သည့်ကုမ္ပဏီ ဝေဖန်ထောက်ပြမှုများ ခံနေရ

ဝါရှင်တန် ဇွန် ၁၇

အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီ အလုပ်လုပ်ခဲ့သည့် ဟာလီဘာတန် ကုမ္ပဏီအားအလုပ်အပ်ရန် အမေရိကန် သမ္မတအိမ်ဖြူက သြဇာသုံးခြင်း ရှိ၊မရှိ မေးခွန်းများ ပေါ်ပေါက်လာစဉ် ယင်း၏အီရတ်ကန်ထရိုက်လုပ်ငန်းများ အတွက် အမေရိကန် စစ်ဌာနချုပ် စာရင်းစစ်များက အင်္ဂါနေ့တွင် ဝေဖန်လိုက်သည်။

မကျေမနပ်

အမေရိကန်လွှတ်တော်နှင့် အီရတ်ကန်ထရိုက်လုပ်ငန်းများနှင့် ပတ်သက်၍ မကြာခဏကြားနာရာတွင် အီရတ်တွင်အမေရိကန်စစ်တပ်၏ ကန်ထရိုက်လုပ်ငန်းများ အများဆုံးရသည့် ဟာလီဘာတန်ကုမ္ပဏီကို ဒီမိုကရက်အမတ်များက မကျေမနပ် ပြောဆိုကြသည်။ ဒုတိယသမ္မတ ဒစ်ချေနီလုပ်ကိုင်ခဲ့သော ကုမ္ပဏီဖြစ်၍ ဟာလီဘာတန်ကုမ္ပဏီမှာ သမ္မတရွေးကောက်ပွဲနှစ်အတွင်းတွင် ဒီမိုကရက်တို့၏ ပစ်မှတ်တစ်ခု ဖြစ်နေသည်။

ဝေဖန်

အီရတ်ရေနံကန်ထရိုက်လုပ်ငန်းများ အတွက် ဟာလီဘာတန်ကုမ္ပဏီကို ရွေးချယ်ခြင်းမှာ ဝယ်ယူရေးအရာရှိများက မဟုတ်ဘဲ သမ္မတဘုရှ်အစိုးရအဖွဲ့မှ နိုင်ငံရေးအရ ခန့်အပ်ခံရသူများက ရွေးချယ်လိုက်ခြင်းဖြစ်သည်ဟု ကာလီဖိုးနီးယား အောက်လွှတ်တော် အမတ် ဟင်နရီဝက်မန်းက ဝေဖန်ပြောကြားသည်။ သူသည် ဘုရှ်အစိုးရကို သော်လည်းကောင်း၊ ဟာလီဘာတန် ကုမ္ပဏီ၏ အီရတ်နိုင်ငံအတွင်း လုပ်ကိုင်ဆောင်ရွက်ချက်များကို လည်းကောင်း အများဆုံးဝေဖန်သူဖြစ်သည်။

တုံ့ပြန်

သို့သော် အမေရိကန်အောက်လွှတ်တော်မှ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဗာဂျီးနီးယား ပြည်နယ် ရီပတ်ဘလီကင် အောက်လွှတ်တော်အမတ် တွမ်ဒေးဗီးစ်ကမူ ဟင်နရီဝက်မန်း၏ ဝေဖန်ထောက်ပြမှုများမှာ ပါတီစွဲ အတိုက်အခိုက်များသာဖြစ်ကြောင်း တုံ့ပြန်လိုက်သည်။

လွှတ်တော်ကြားနာမှုတွင် ဟာလီဘာတန် ကုမ္ပဏီ၏ ငွေတောင်းခံစနစ်၊ လက်ခွဲကန်ထရိုက်လုပ်ငန်းများနှင့် တကွ တပ်ဖွဲ့ဝင်များအတွက် စားနပ်ရိက္ခာများအပေါ် ဈေးနှုန်းပိုမိုတင်နိုင်သည့် အလားအလာစသဖြင့် ပြဿနာများကို အမေရိကန်စစ်ဌာနချုပ် စာရင်းစစ်အဖွဲ့က တင်ပြလာသည်။

တင်ပြခဲ့ဖူး

အလားတူ ပြဿနာများကို မတ်လအတွင်းကပြုလုပ်သည့် ကြားနာမှုတွင် လည်းတင်ပြခဲ့ဖူးသည်။ ထို့ပြင် ထို ပြဿနာများကို ယခုထိ မရှင်းလင်းရ သေးကြောင်း ကာကွယ်ရေးဌာန ကန်ထရိုက်စာရင်းစစ်အဖွဲ့ ညွှန်ကြားရေးမှူး ဝီလျံရီဒ်က ပြောဆိုသည်။

အလားအလာရှိ

ဟာလီဘာတန်ကုမ္ပဏီ၏ လက်ခွဲကန်ထရိုက်တာကဲလော့ဘရောင်းအင်ရဒ် အနေဖြင့် အီရတ်ရှိ လုပ်ငန်းကြီးနှစ်ခုမှ အမေရိကန်ဒေါ်လာ ၁၆ ဘီလျံကျော် ရမည့် အလားအလာရှိသည်။

ဒုတိယသမ္မတ ဒစ်ချေနီ၏ ရုံးက အမှားအယွင်း တစ်စုံတစ်ရာ မပြုလုပ်ခဲ့ကြောင်း ကြေညာသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အကျဉ်းသားများအား ကန်တပ်ဖွဲ့ဝင်များ ညှဉ်းပန်းနှိပ်စက်မှု ၂၀၀၃ ခုနှစ်ကတည်းက သိရှိခဲ့ဟုဆို

ကင်ဘာရာ ဇွန် ၁၇

အီရတ်အကျဉ်းသားများအားညှဉ်းပန်းနှိပ်စက်မှု သတင်းများနှင့် စပ်လျဉ်း၍ ဘဂ္ဂဒက်မြို့ရောက် ဩစတြေးလျ စစ်တပ်မှ အရာရှိတစ်ဦးက လွန်ခဲ့သည့်နှစ် နိုဝင်ဘာလက သိရှိခဲ့သည်။

သို့သော် အီရတ်အကျဉ်းသားများအား အမေရိကန်စစ်ရဲများကညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ သက်သေခံအထောက်အထားမှာ ဩစတြေးလျအစိုးရလက်ထဲ ရောက်ရန် ခြောက်လကြာကြောင်း ရိုက်တာသတင်းတွင်ဖော်ပြထားသည်။

အကျဉ်းသားများညှဉ်းပန်းနှိပ်စက်ခံရသည့် ဓာတ်ပုံများကို ထုတ်ဝေခြင်း မပြုမီထိုသတင်းကို ဩစတြေးလျက မသိကြောင်း ပြောဆိုကာ ဝန်ကြီးချုပ်ဂျွန်ဟောင်းဝပ်က ပါလီမန်ကိုမေလအတွင်းက လှည့်စားပြီးနောက် ဩစတြေးလျ အစိုးရမှာ အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှု ကိုင်တွယ်ရေးနှင့် စပ်လျဉ်း၍ ဝေဖန်ပြစ်တင်ခံရသည်။

ဩစတြေးလျနိုင်ငံသည် အမေရိကန်နိုင်ငံ၏ ယုံကြည်စိတ်ချရသော မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး၊ အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကျူးကျော်မှုတွင် ဩစတြေးလျက ၎င်းတပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သည်။

အမေရိကန်စစ်ရဲများက အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည့် အဘူဂါရိပ် အကျဉ်းစခန်းကို ကြက်ခြေနီ အဖွဲ့က ၂၀၀၃ ခုနှစ် အောက်တိုဘာလက သွားရောက်စစ်ဆေးပြီးနောက် ကြက်ခြေနီ အစီရင်ခံစာများကို ဩစတြေးလျ စစ်တပ်မှ ဗိုလ်မှူးကျော့အိုကိန်းက ရရှိခဲ့ကြောင်းဖြင့် ဩစတြေးလျ ကာကွယ်ရေးဝန်ကြီး ရောဘတ်ဟီးလ်က ပါလီမန်တွင် ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

သို့သော် အဆိုပါကြက်ခြေနီ အစီရင်ခံစာများကို အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုကို ဧပြီလက လူသိရှင်ကြား ကျော်မကောင်းကြားမကောင်း ဖြစ်သည်အထိ ကာကွယ်ရေးဌာန အရာရှိများက အသေအချာ စစ်ဆေးခြင်းမရှိဟု သိရသည်။

ဘဂ္ဂဒက်ရှိ အကျဉ်းစခန်းများ တာဝန်ခံအမေရိကန်ဗိုလ်မှူးချုပ်ကာပင်စကီအားကူညီသည့် ဗိုလ်မှူးအိုကိန်းသည် အဘူဂါရိပ် အကျဉ်းစခန်းသို့ သုံးလေးကြိမ် သွားရောက်လည်ပတ်ပြီး ဩစတြေးလျနိုင်ငံသို့ ဖေဖော်ဝါရီလက ကြက်ခြေနီ အစီရင်ခံစာများနှင့် အတူ ပြန်လာသည်။ ၎င်းသည်ရောက်လျှင်ရောက်ချင်း ထိုစာရွက်စာတမ်း အထောက်အထားများကို သက်ဆိုင်ရာသို့တင်ပြလိုက်သည်။

ထိုစာရွက်စာတမ်း အထောက်အထားများကို ရှာဖွေစစ်ဆေးသောအခါ အကျဉ်းသားများအား ညှဉ်းပန်းမှု စွပ်စွဲချက်များ ပါဝင်သည်ကို တွေ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဟီးလ်က ပါလီမန်တွင် ပြောကြားသည်။

ဩစတြေးလျ တပ်ဖွဲ့ဝင်များက အီရတ် ၁၂၀ဦးကို ဖမ်းဆီးပြီးနောက် အမေရိကန်စစ်ဘက်သို့ လွှဲအပ်လိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရာမာဒီမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား နိုင်ငံခြားသားလေးဦးအပါအဝင် ကိုးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၇

အီရတ်နိုင်ငံရှိ မငြိမ်မသက်ဖြစ်နေသော ရာမာဒီမြို့တွင် မော်တော်ယာဉ်တစ်စီးကို ပစ်မှတ်ထားသည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဗုဒ္ဓဟူးနေ့ကဖြစ်ပွားရာ နိုင်ငံခြားသားလေးဦးအပါအဝင် လူကိုးဦးသေဆုံးရကြောင်း အီရတ်ဆရာဝန်တစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် အီရတ်ငါးဦး၊ နိုင်ငံခြားသားလေးဦး သေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိကာ ဒဏ်ရာရရှိသူများကို ဆေးရုံ၌ ဆေးဝါးကုသပေးလျက်ရှိကြောင်း မြို့တော်ဘဂ္ဂဒက်အနောက်ဘက် မိုင် ၃၀အကွာ ဖော်လူဂျာမြို့မှ ဆရာဝန် မိုဟာမက်ဂျာလားက ပြောကြားသည်။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် သေဆုံးရသော နိုင်ငံခြားသားများမှာ မည်သူမည်ဝါတို့ဖြစ်သည်ကို မသိရှိရကြောင်း အဆိုပါဆရာဝန်က အေအက်ဖ်ပီသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

အီရတ်ရှိ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှ အရာရှိများအသုံးပြုလေ့ရှိသော ကားတစ်စီးဖြင့် ခရီးသွားလာနေသည့် နိုင်ငံခြားသားများ သေဆုံးခဲ့ရကြောင်း၊ မော်တော်ကားမှာလည်း ပေါက်ကွဲမှုကြောင့် အကြီးအကျယ်ပျက်စီးသွားကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံအနှံ့အပြားတွင် တိုက်ခိုက်မှုများဖြစ်ပွား ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး၊ ရေနံမြေလုံခြုံရေးအရာရှိလည်း လုပ်ကြံခံရ

ရာမာဒီ ဇွန် ၁၇

အီရတ်နိုင်ငံအနောက်ပိုင်းရှိ မငြိမ်မသက်ဖြစ်နေသော ရာမာဒီမြို့တွင် ဗုဒ္ဓဟူးနေ့က ယာဉ်တစ်စီးကို ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသည့်အတွက် နိုင်ငံခြားသားလေးဦး အပါအဝင် လူကိုးဦး သေဆုံးသွားသည်။ ထို့အပြင် အခြားသောလူ ၁၀ ဦးလည်း ဒဏ်ရာရရှိသွားကြသည်။ ဘာလာဒ်မြို့၌လည်း ဒုံးဖြင့်အခွင်းခံရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားရကြောင်း သတင်းများက ဆိုသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသော အီရတ်ငါးဦးနှင့် နိုင်ငံခြားသား လေးဦးတို့၏ အလောင်းများနှင့် ဒဏ်ရာရသူ အီရတ် ၁၀ ဦးတို့သည် ဆေးကုသမှုခံယူရန် ဖော်လူဂျာမြို့ ဆေးရုံသို့ ရောက်ရှိလာကြသည်။

ဘာလာဒ်မြို့၌လည်း ဒုံးဖြင့် တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ရပြီး အခြားလူ ၁၅ဦး တို့ ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူ များထဲတွင် နိုင်ငံခြားသား အရပ်သား နှစ်ဦးလည်းပါဝင်သည်။

ဘာလာဒ်မြို့သည် ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ၇၅ ကီလိုမီတာအကွာ တွင် တည်ရှိသည်။ အမေရိကန် စစ်ဘက်သည် တိုက်ခိုက်သူများရှိနေ သည်ဟု ယူဆရသောနေရာများကို လေကြောင်းနှင့် မြေပြင်တပ်ဖွဲ့ဝင်များ အသုံးပြု၍ တုံ့ပြန်တိုက်ခိုက်ခဲ့သည်ဟု စစ်ဘက်မှလာသော သတင်းများက ဆိုသည်။

အီရတ်နိုင်ငံတွင် ဖြစ်ပေါ်သော နောက်ဆုံးစာရင်းများကိုပါ ထည့်သွင်း ရေတွက်လျှင် ယခုအခါ အီရတ်၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၈၂၈ဦးရှိသွားပြီ ဖြစ် ကြောင်း အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်၏ ထုတ်ပြန်ချက်များအရ သိရသည်။ သေဆုံးရသောတပ်ဖွဲ့ဝင် များစာရင်းမှာ ၂၀၀၃ ခုနှစ် မတ်လစစ်ပွဲ စတင်သည့်အချိန်မှ ယနေ့ကာလအထိ ပါဝင်သည်။

ဘဂ္ဂဒက်လေဆိပ်အနီးရှိ ကား လမ်းမပေါ်၌လည်း ကားအများအပြား ပါဝင်သော ယာဉ်တန်းကို ချုံခို တိုက်ခိုက်ခြင်းခံရသည်။ ထိုပစ်ခတ်မှု ကြောင့် အီရတ်တစ်ဦး သေဆုံးခဲ့ရပြီး နိုင်ငံခြားသား ကန်ထရိုက်တာနှစ်ဦး ဒဏ်ရာရရှိသွားကြသည်ဟု ဗုဒ္ဓဟူးနေ့ တွင် စစ်ဘက်အထက်တန်းအရာရှိ တစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ် ရေနံမြေ၏ လုံခြုံရေးအရာရှိဖြစ်သူ ဂါဇီတာလာဆနီမှာလည်း လုပ်ကြံ သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း ဗုဒ္ဓဟူး နေ့တွင် အယ်ဂျာဇီယာရုပ်/သံဌာနက ကြေညာသွားသည်။ အသေးစိတ်ကိုမူ ဖော်ပြခဲ့ခြင်းမရှိပေ။

ကြားဖြတ်အစိုးရအဖွဲ့၏ သမ္မတ ရှိတ်ဂါဇီအလ်ယာဝါက ရှီးယိုက် ခေါင်းဆောင် မိုတာဒါအလ်ယ်ဆာဒါ သည် အပြစ်မရှိကြောင်း တွေ့ရှိရပြီး ၎င်း၏ မီဒီလက်နက်ကိုင်အဖွဲ့ကို ဖျက်သိမ်းပေးလျှင် အီရတ်နိုင်ငံ၏ နိုင်ငံရေး၌ ပါဝင်ခွင့်ပြုနိုင်ဖွယ်ရာရှိ ကြောင်း ကြေညာခဲ့သည်။ ထိုကြေညာ ချက် ထွက်လာပြီးနောက် တစ်ရက် အကြာ ဗုဒ္ဓဟူးနေ့တွင် နာဂျက်ဖ်မြို့ သားမဟုတ်သော မီဒီတပ်ဖွဲ့ဝင်များ ကို မြို့မှစွန့်ခွာကြရန် ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါက ပြောကြားခဲ့ သည်ဟု ဆိုသည်။

နိုင်ငံ တောင်ပိုင်း၌လည်း ခုခံ တိုက်ခိုက်ရေးသမားများသည် ရေနံ ပိုက်လိုင်းကို ဗုဒ္ဓဟူးနေ့က ဖောက်ခွဲ ဖျက်ဆီးခဲ့ကြသည့်အတွက် အီရတ်၏ ရေနံတင်ပို့မှုသည်လည်း ရပ်ဆိုင်းသွား ခဲ့ကြောင်း သိရသည်။ ထိုပျက်စီးမှုကို မည်သည့်အချိန်တွင် ပြင်ဆင်ပြီးစီးပြီး ရေနံ ပြန်လည်တင်ပို့နိုင်မည်ဟူသော နေ့ရက် အတိအကျကို သိနိုင်ခြင်း မရှိသေးဟုဆိုသည်။ ***အင်တာနက်။***

ဆွဲထုတ်

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဟမ်ဗီးစစ်ကားထဲမှ ဒဏ်ရာရရှိသူ ကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဆွဲထုတ် နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့အတွက် အလုပ်လုပ်နေသူ ကန်နိုင်ငံသား ၄၈ဦး နိုင်ငံ ပြင်ပတွင်သေဆုံးဟု စာရင်းဇယားများ၌ ဖော်ပြ

ဝါရှင်တန် ဇွန် ၁၇

၂၀၀၁ ခုနှစ် စက်တင်ဘာလနောက်ပိုင်း အမေရိကန်ပြည်ထောင်စု အပြင်ဘက်ရှိ အခြားနိုင်ငံများတွင် အမေရိကန်တပ်ဖွဲ့အတွက် လုပ်ကိုင်ပေးနေသူ အမေရိကန်နိုင်ငံသား ၄၈ဦး သေဆုံးခဲ့ကြောင်း အလုပ်သမားအာမခံဌာနမှ စာရင်းဇယားများအရ သိရှိရသည်။

ယင်းစာရင်းတွင် ဧပြီလ နောက်ပိုင်း ဆော်ဒီအာရေဗျနှင့် အီရတ်နိုင်ငံတို့တွင် ကန်ထရိုက်လုပ်ငန်းရှင်များ သေဆုံးမှု မပါဝင်ပေ။ ယင်းစာရင်းများကို ယခုအခါ ပြုစုနေဆဲဖြစ်သည်။

အီရတ်နိုင်ငံတွင် အရပ်သား ကန်ထရိုက် လုပ်ငန်းရှင်များအား တိုက်ခိုက်နေမှုက အမေရိကန် ပြည်ထောင်စုအနေဖြင့် အီရတ်နိုင်ငံ တည်ငြိမ်စေရန်နှင့် ပြန်လည်တည် ဆောက်မှုလုပ်ငန်းများ လုပ်ဆောင်နိုင် စွမ်း ရှိ၊ မရှိကို မေးခွန်းထုတ်လျက် ရှိသည်။ ကန်ထရိုက်လုပ်ငန်းရှင် နှစ်ဦး ထက်မနည်း စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်း တစ်ခုသည် ဘဂ္ဂဒက်အနီးရှိ အဝေးပြေး လမ်းမ ပေါ်မှ လူကူးတံတားအောက်တွင် ဖြတ်သန်းသွားနေစဉ် သေနတ်သမား များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ သည်။ တနင်္လာနေ့ကလည်း အမေ ရိကန် ဂျင်နရယ်လျှပ်စစ်ကုမ္ပဏီမှ ဝန်ထမ်းသုံးဦးနှင့် ကိုယ်ရံတော်နှစ်ဦး တို့သည် ဘဂ္ဂဒက်မြို့ အသေခံကားဗုံး ဖောက်ခွဲမှုတွင် သေဆုံးခဲ့သည်။

ဘုရှ်အစိုးရက ယင်းရန်လိုတိုက်ခိုက် မှု အတိုင်းအတာကို မှန်းဆနိုင်ခြင်းမရှိ ကြောင်း တပ်မတော်ရေးရာဝန်ကြီး ဟောင်းဝှိုက်က ပြောကြားသည်။

မိမိတို့သည် မကြုံဖူးသေးသည့် အခြေအနေအတွင်း ရောက်ရှိနေ ကြောင်း၊ မိမိတို့အနေဖြင့် သာတောင့် သာယာသည့် လုံခြုံရေးပတ်ဝန်းကျင် တွင် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဟု တွေးထင်ထားကြောင်း ဝှိုက်က ဆက်လက်ပြောကြားသည်။ မတ်လ နောက်ပိုင်းမှ စတင်၍ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များအတွက် လုပ်ကိုင်ဆောင်ရွက်နေသည့် အရပ် သားများအားတိုက်ခိုက်မှု အရှိန် မြင့်တက်လာနေသည်။ တွန်းလှန် တိုက်ခိုက်ရေးသမားများက ကန်ထရိုက် လုပ်ငန်းရှင်များ၊ အမေရိကန်နိုင်ငံသား များ၊ အခြားပြည်ပနိုင်ငံသားများနှင့် အီရတ်နိုင်ငံသားတို့အား ပစ်မှတ်ထား ကာ ပြန်ပေးဆွဲခြင်း၊ ချောင်းမြောင်း တိုက်ခိုက်ခြင်း၊ ဗုံးဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ကန်ထရိုက် လုပ်ငန်းရှင်များသည် တိုက်ခိုက်ခံနေရခြင်းကြောင့် အီရတ် နိုင်ငံ၏ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများမှာ ရပ်ဆိုင်းလျက်ရှိပြီး အချို့သော ကန်ထရိုက်လုပ်ငန်းရှင် များက အီရတ်မှ ထွက်ခွာသွားကြ သည်။ ***အင်တာနက်။***

ဖမ်းဆီး

ဇွန် ၁၇ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးက အီရတ်တစ်ဦးကို ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၈၃၁ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၁၇

လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံအတွင်း စစ်ဆင်ရေးများ စတင်ခဲ့သည်မှ ၂၀၀၄ခုနှစ် ဇွန်လ ၁၇ရက်နေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၈၃၁ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေး ဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

၎င်းတို့အနက် တိုက်ပွဲတွင် သေဆုံးသူ ၆၁၂ဦးရှိပြီး အခြားအကြောင်း များကြောင့် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၂၁၉ဦး ရှိသည်။

ထိုအချိန်အတွင်း အီရတ်၌ ဗြိတိန် ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်း လေးဦး၊ ဆလိုဗေးနီးယား သုံးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယား၊ နယ်သာလန်တစ်ဦးစီသေဆုံး သည်။ ***အင်တာနက်။***

အဘူဂါရိုပ်အကျဉ်းစခန်းမှ အီရတ်များအား ညှဉ်းပန်းမှု ကန်စစ်ဘက်မှတ်တမ်း၌ အထောက်အထားများတွေ့ရ

နယူးယောက် ဇွန် ၁၅

အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှုကို ၎င်းတို့ လေ့လာတွေ့ရှိကြောင်း အမေရိကန်စစ်ဘက်အရာရှိများက ထုတ်ဖော်မပြောမီ နှစ်လအလို ၂၀၀၃ ခုနှစ် နိုဝင်ဘာအတွင်းက စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့က အဘူဂါရိုပ် အကျဉ်းထောင် တွင် နှိပ်စက်ညှဉ်းပန်းမှုရှိသည်ကို အစီရင်ခံထားကြောင်း အမေရိကန်စစ်ဘက် ဌာနတွင်း မှတ်တမ်း သက်သေခံအထောက်အထားဖော်ပြထားသည်ဟု နယူး ယောက်တိုင်းမ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြထားသည်။

အထက်အရာရှိများထံ သတင်းပို့သည့် အဆိုပါညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်သည်ဆိုသည့် စွပ်စွဲချက်များတွင် မျက်နှာကို အဝတ်စည်းထားသည့် အီရတ်ဗိုလ်ချုပ်ကြီးငါးဦးအား ရိုက်နှက်မှုများ ပါဝင်ကြောင်း နယူးယောက် တိုင်းမ် သတင်းစာက အကျဉ်းစခန်းအတွင်း တာဝန်ကျသည့် စစ်ဘက်ဆိုင်ရာ များနှင့် တွေ့ဆုံမေးမြန်းခန်းများကို ကိုးကားဖော်ပြလိုက်ခြင်းဖြစ်သည်။

ဤညှဉ်းပန်းနှိပ်စက်မှုအနိဋ္ဌာရုံ သတင်းထွက်မလာမီ အချိန်ကြာမြင့်စွာ ကပင် မိမိတို့က တင်ပြသတင်းပို့ခဲ့ကြောင်းဖြင့် ဂျာမနီနှင့် အမေရိကန်နိုင်ငံတို့ တွင် တွေ့ဆုံမေးမြန်းသည့် အမည်မဖော်လိုသည့် စစ်ထောက်လှမ်းရေးများ အနက် တစ်ဦးက ပြောကြားသည်ဟုလည်း သတင်းစာက ဖော်ပြသည်။

အမေရိကန်စစ်ဘက်ဌာနတွင် မှတ်တမ်းများ၌ အနည်းဆုံးအကျဉ်းသား များအား ညှဉ်းပန်းနှိပ်စက်မှု ၂၀ ခန့်ပါဝင်သည်ဟုလည်း ထည့်သွင်းဖော်ပြ လိုက်သည်။ အချို့ဖမ်းဆီးချုပ်နှောင်မှုခံရသည့် အကျဉ်းသားများက ၎င်းတို့ အား အဘူဂါရိုပ်အကျဉ်းစခန်းသို့မပို့မီ အခြားအချုပ်ခန်းများ၌လည်း ညှဉ်းပန်း နှိပ်စက်ခံခဲ့ရသည်ဟု ပြောကြားသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံချက်များကို အဖွဲ့ဝင်သုံးဦးပါသည့် အဖွဲ့သို့ နောက်ဆုံးအတည်ပြုချက်ရယူရန် တင်ပြရသည်။ ထိုသုံးဦးပါအဖွဲ့ တွင် အကျဉ်းစခန်းအတွင်း ညှဉ်းပန်းနှိပ်စက်မှုများပြုစဉ်က အီရတ်ရှိ အမေ ရိကန် အကျဉ်းစခန်းများကို တာဝန်ယူရသည့် ဗိုလ်မှူးချုပ် ဂျင်နစ်ကာပင် စကီးနှင့် အီရတ်ရှိ အမေရိကန်ထောက်လှမ်းရေး ထိပ်တန်းအရာရှိ ဗိုလ်ချုပ် ဘာကရာ ဖတ်စ်တို့ ပါဝင်သည်ဟုလည်း သတင်းစာက ရေးသားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

ရှေ့နောက်တာဝန်

သူငယ်ချင်းတို့ရေ၊ အမျိုးသားညီလာခံကနေ စာရေးလိုက်ပါတယ်။

မကြာခင် ဝါဝင်တော့မယ်။ ဒီနှစ်ဟာ ဝါထပ်နှစ်မို့ ဒုတိယဝါဆိုလပြည့်မှာမှ ဒို့ရိုးရာဓလေ့ အစဉ်အလာအတိုင်း ဥပုသ်သီလ ဆောက်တည်ကြသူတွေကို ဒို့ဒေသအခေါ် **သွမ်စက** ဖြစ်တဲ့ ဥပုသ်ထွက် ဆွမ်းပြင်ဆင် ကျွေးမွေးလှူဒါန်းဖို့ စတင်စီစဉ်ကြရတော့မယ်။ နှစ်စဉ် ဝါတွင်းကာလ လပြည့်နဲ့ လကွယ်နေ့တွေတိုင်းမှာ ဒို့ခွန်ရယ်နောင်ရယ် ပအိုဝ်း လူငယ်မောင်မယ်များက စုပေါင်းပြီး **သွမ်စက** ကို နယ်မြေအလိုက် အလှည့်ကျ တာဝန်ယူဆောင်ရွက်ခဲ့ကြတယ် မဟုတ်လား။ ဒီတစ်နှစ်လည်းတာဝန်ခွဲဝေပြီး ကုသိုလ်ပြုကြဦးမှာပဲလေ။ ဘယ်နယ်မြေ၊ ဘယ်အပိုင်းက အရင်ကုသိုလ်ပြုမလဲ။ သူငယ်ချင်းခွန်နောင် ဒို့တစ်တွေက အခုကတည်းက ကြိုတင်ဆွေးနွေးညှိနှိုင်းပြီး သတ်မှတ်ခွဲဝေထားကြတော့နော်။

ဒီကနေ့ကာလမှာ ဒို့နိုင်ငံတော်ကြီးကို ဘက်စုံထောင့်စုံကနေ စည်ပင်ဖွံ့ဖြိုးတိုးတက်လာအောင် တပ်မတော် အစိုးရအနေနဲ့ အားကြိုးမာန်တက် စွမ်းဆောင်ပေးလျက်ရှိသလို တောင်ပေါ်ဒေသ ဒို့ရပ်ရွာမှာလည်း ဒို့ဘာသာ၊ ဒို့သာသနာကို ဒို့အစဉ်အလာ၊ ဒို့ဓလေ့စရိုက်အတိုင်း ဖွံ့ဖြိုးဝေစည် ထွန်းကားအောင်၊ တိုးတက်အောင် ဒို့စွမ်းဆောင်နိုင်သလောက် ကြိုးစားလာကြတာ နိုင်ငံတော်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ဆောင်ရွက်မှုပဲမဟုတ်လား။

ဒို့ရွာကျောင်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာတဲ့ ဥပုသ်သီလ ဆောက်တည်သူများထဲမှာ သက်ကြီးရွယ်အိုတွေတင်မကတော့ဘဲ အရွယ်သုံးပါးမရွေး ပါဝင်ဆောက်တည် လာနိုင်ကြတာဟာ ဒို့တိုင်းပြည် အမှန်တကယ် အေးချမ်းလာနေလို့ပဲဆိုတာ နားလည်ရတယ်။ စီးပွားရေးအဆင်ပြေမှ၊ လုပ်ငန်း ကိုင်ငန်းအောင်မြင်မှ၊ နယ်မြေဒေသ တကယ်အေးချမ်းပါမှ သီတင်းသီလကို အရွယ်သုံးပါးမရွေး သူသူငါငါ စိတ်လက်အေးချမ်းသာစွာ ဆောက်တည်ပွားများ နိုင်ကြတာမဟုတ်လား။

ဒို့လူငယ်မောင်မယ်တွေက တစ်အိမ်တက်၊ တစ်အိမ်ဆင်း ဥပုသ်စက ဆွမ်းပြင်ဆင်ကျွေးမွေး လှူဒါန်းရေးအတွက် အလှူငွေ စရိတ်စက ရှာဖွေစုဆောင်း ကုသိုလ်ယူခဲ့ကြတယ်လေ။ ရပ်မိရပ်ဖထဲက ဆွမ်းဒကာခံနိုင်သူက ဆွမ်းဒကာခံလို့၊ ဟင်းဒကာ၊ ခဲဖွယ်ဒကာ စသည်ဖြင့် တတ်နိုင်ရာရာ စေတနာသဒ္ဓါတရား ထက်သန်စွာ ထည့်ဝင်လှူဒါန်းနိုင်ကြသူတွေကလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ပြီမဟုတ်လား။ သာဓုအခါခါခေါ်လို့ စေတနာသုံးတန် အမြဲရှင်သန်နေကြဖို့ သတိတရနဲ့ ကြိုတင်နှိုးဆော် ရေးသားတိုက်တွန်းလိုက်ပါရစေ။

သူငယ်ချင်းတို့ရယ်– ဒီတစ်နှစ်တော့ ကုသိုလ်အတူပြုဖို့ အခွင့်အရေးက ကြုံချင်မှကြုံလိမ့်မယ်။ ညောင်နှစ်ပင်စခန်းမှာ အနာဂတ် မြန်မာနိုင်ငံတော်ကြီးအတွက် အရေးကြီးလှတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးကို အမျိုးသားညီလာခံတက်ရောက်ပြီး တစ်တပ်တစ်အား ပါဝင်ခွင့်ရခဲ့ပြီ။ **အမျိုးသားညီလာခံသည် ကျွန်ုပ်တို့တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်** ဆိုတဲ့စကားကို အလေးအနက် သဘောပေါက်ပြီး ကြိုးစားနေကြရတာ ဝမ်းသာဂုဏ်ယူလို့ မဆုံးဘူး။ ထို့အတူပဲ သူငယ်ချင်းတို့တစ်တွေကလည်း အစဉ်အလာကောင်းမှုကုသိုလ်ကို မပျက်မကွက် ပြုလုပ်ကြလိမ့်မယ်ဆိုတာ စိတ်ချယုံကြည်စွာ မျှော်လင့်ဂုဏ်ယူနေပါမယ်။

ဒို့ရပ်ဒို့ရွာမှာ ဒို့ဘာသာ ဒို့သာသနာ တိုးတက်ထွန်းကားစည်ပင်ရအောင် ဒို့မောင်မယ်တွေက တစ်တပ်တစ်အား ကြိုးစားနေကြမှာဖြစ်သလို အမျိုးသားညီလာခံကြီးမှာလည်း အတွေ့အကြုံရင့်ကျက်ပြီးဖြစ်တဲ့ နိုင်ငံသား သက်ကြီး အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ အလွှာစုံ အရွယ်စုံတို့နဲ့အတူ မျိုးဆက်သစ် လူငယ်မောင်မယ်များကလည်း တက်ညီလက်ညီနဲ့ အနာဂတ်နိုင်ငံတော်ကြီးကို ထာဝစဉ်ဖွံ့ဖြိုး တိုးတက်ပြီး အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားနေကြပါကြောင်း ရေးသားလိုက်ပါတယ်။ တောင်ပေါ်မြေမှ သူငယ်ချင်းများအားလုံးကို အစဉ်သတိရလျက် ...။

အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။

ခွန်ကျော်မြင့်(တောင်ကြီး)

မိုးကုတ်ဝိပဿနာ တရားစခန်း ဖွင့်မည်

ရန်ကုန် ဇွန် ၁၈

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကတုတ် ဘုရားကြီးကျေးရွာ ကံညီနောင် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၁၄၁)တွင် သာကေတမြို့နယ် ပုညာရာမကျောင်းတိုက်ဆရာတော် အရှင်ပုညာနန္ဒ (နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)က ဇွန် ၂၅ရက်မှစ၍ ခုနစ်ရက်တရားစခန်းဖွင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဇွန် ၂၄ရက်အရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

ရေမြောင်းများတူးဖော်

ရန်ကုန် ဇွန် ၁၈

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦး ဦးဆောင်၍ ပြည်နယ်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်သော ပြည်သူ ၃၀၀၀ တို့သည် ဇွန် ၅ရက်တွင် ဘားအံမြို့ အမှတ်(၄) ရပ်ကွက် သုခလမ်း၌ ရေမြောင်းများ တူးဖော်ခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး လာရောက်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၆–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "ကိံသုကောပမသုတ်"**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - (က) မြန်မာစာ(မြန်မာစာထူးပြု)
  - (ခ) အာသံနိုင်မော်ကွန်း၏ ဂုဏ်ရည်
- ၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းနဲ့ အရမ်းကိုလှ" အပိုင်း (၁၃)**
- ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက်တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်ကလျှပ်ရှားစားသမား" အပိုင်း (၁၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ

ပြိုးခြိခြွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုလျက်ရှိသော အေဝမ်းမီးဖို

ဝင်းချစ်



လောင်စာကုန်ကျမှု သက်သာသော စွမ်းအားမြင့်မီးဖိုများနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကို ရေဆင်းရှိ သစ်တောသုတေသနဌာန (Forest Research Institute-FRI) တွင် ၁၉၈၇ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။

နောင်တွင် အေဝမ်းဟု အမည်တွင်မည့် မီးဖိုအလုံးပေါင်း ၅၀၀ကို ၁၉၉၂ခုနှစ်က စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ရေဆင်းဒေသဝန်းကျင်ရှိ ကျေးရွာများသို့ ဖြန့်ဝေခဲ့ပါသည်။ မီးဖိုများ၏ အခြေအနေကို သိရှိနိုင်ရန်အတွက် ၁၉၉၄ ခုနှစ် မတ်လက စာရင်းကောက်ယူမှုများပြုခဲ့ရာ ယခင်အသုံးပြုနေကျ ရိုးရာဖိုခုံလောက်မီးဖိုထက် ထင်းကုန်ကျမှု ၄၀ ရာခိုင်နှုန်းခန့် သက်သာကြောင်း တွေ့ရှိခဲ့ပါသည်။

ဤမီးဖိုများကို တစ်စထက်တစ်စ လူသိများလာသည်နှင့်အမျှ ဝယ်ယူအသုံးပြုလိုသူ များပြားလာခြင်းကြောင့် သစ်တောသုတေသနဌာန၌ ထုတ်လုပ်ရောင်းချရန် စီစဉ်ခဲ့ပြီး အလုပ်ရုံတစ်ရုံကို တည်ထောင်ကာ ၁၉၉၄ ခုနှစ် အောက်တိုဘာလမှ စတင်၍ စီးပွားဖြစ်ထုတ်လုပ်ခဲ့ပါသည်။ ထုတ်လုပ်ရောင်းချရာတွင် မီးဖိုကို သတ်သတ်မှတ်မှတ် ခေါ်ဝေါ်နိုင်မည့် နာမည်ရှိရန်လိုအပ်သဖြင့် "အေဝမ်း" (A-1)ဟု လူအများခေါ်တွင်ရ လွယ်ကူပြီး အဆင့်အတန်းအမြင့်ဆုံး (အေ–ပထမတန်း၊ ဝမ်း–အဆင့်–၁)ကို ဖော်ညွှန်းသည့် အမည်ပေးခဲ့ပါသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ထင်းအစား အခြားလောင်စာ သုံးစွဲရေးကော်မတီက ကြီးမှူးလျက် ပြည်သူအများ ထင်းအစား အခြားလောင်စာများကို ကျယ်ပြန့်စွာ သုံးစွဲလာကြစေရန် ကြိုးပမ်းသည့်အနေဖြင့် သရုပ်ပြပွဲများကို ၁၉၉၅ခုနှစ် ဒီဇင်ဘာလမှ စတင်၍ မြန်မာနိုင်ငံတစ်ဝန်း ကျင်းပခဲ့ပါသည်။ ယင်းပြပွဲများတွင် အေဝမ်းမီးဖိုကို သစ်တောဦးစီးဌာနပြခန်းမှ ပါဝင်ပြသခွင့်ရခဲ့ပါသည်။

ပြပွဲများ ပြီးသည်နှင့် တစ်ပြိုင်တည်းမှာပင် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိမြို့နယ်များနှင့် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကျေးရွာဘက်စုံသုံး ထင်းစိုက်ခင်း စီမံကိန်းနှင့် ကင်းတား ရေဝေရေလဲစီမံကိန်းများက ၎င်းတို့ နယ်မြေများရှိ ကျေးရွာလူထုသို့ ဖြန့်ဝေပေးရန် အေဝမ်းမီးဖိုများကို ထောင်နှင့်ချီ၍ ဝယ်ယူရန်မှာကြားခဲ့ပါသည်။

အေဝမ်းမီးဖိုများကို ရေဆင်းတစ်နေရာတည်း ထုတ်လုပ်နေခြင်းထက် အခြားနေရာများ၌ပါ ထုတ်လုပ်နိုင်မည်ဆိုပါက ယခုထက်ပို၍ တွင်ကျယ်စွာ ဖြန့်ဖြူးနိုင်ခြင်းကြောင့် အေဝမ်းမီးဖိုပြုလုပ်နည်း သင်တန်းများကို သစ်တောသုတေသနဌာနတွင် ဖွင့်လှစ် ပို့ချပေးခဲ့သည့်နည်းတူ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း အခါအားလျော်စွာ ပြသပေးခဲ့ပါသည်။ ယင်းသို့ ပို့ချခဲ့သည့်အတွက် အေဝမ်းမီးဖိုများကို ပျဉ်းမနား၊ တပ်ကုန်း၊ သာစည်၊ တောင်တွင်း ကြီး၊ မင်းဘူး၊ စလင်း၊ နွားထိုးကြီး၊ ချောင်းဦး၊ ပင်းတယ၊ အင်းလေး၊ ပုသိမ် စသည့် ဒေသများတွင် ထုတ်လုပ်နိုင်ခဲ့ပြီး ၎င်းဒေသဝန်းကျင်ရှိ မြို့ရွာများတွင် ပျံ့နှံ့ခဲ့ပါသည်။ စာရင်းကောက်ယူမှုများအရ ယခုအချိန်ထိ ဖြန့်ဝေရောင်းချပြီး အေဝမ်းမီးဖိုပေါင်းမှာ ၅၅၀၀၀၀ ခန့်ရှိပြီဖြစ်ပါသည်။ မင်းဘူးရှိ ဦးအောင်ချိုဦး၏ မြန်မာ့ကြွေထည်မြေထည် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်တစ်ခုတည်းက မီးဖိုပေါင်း ၁၅၀၀၀၀ကျော် ရောင်းချခဲ့ပြီး လစဉ် မီးဖို ၁၀၀၀၀ ခန့် ထုတ်လုပ်လျက်ရှိကြောင်း ကြားသိရပါသည်။

အေဝမ်းမီးဖိုကို အသုံးပြုလျက်ရှိကြသော မိသားစုများသည် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ခံစားနေကြရပြီဖြစ်ပါသည်–

(၁) ထင်း/လောင်စာကို လိုက်လံစုဆောင်း သုံးစွဲသူများအတွက် စုဆောင်းချိန် ယခင်ကထက် ငါးပုံနှစ်ပုံခန့် သက်သာသဖြင့် အခြားဝင်ငွေရသည့် လုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ခြင်း၊

(၂) ထင်း/လောင်စာကို ဝယ်ယူ သုံးစွဲရသူများ အတွက် ယခင်ကထက် ကုန်ကျငွေငါးပုံနှစ်ပုံခန့် သက်သာခြင်း၊ (ယခင်က ထင်းဖိုးငွေ တစ်နှစ်လျှင် ကျပ် ၂၀၀၀၀ ကုန်ကျပါက ယခုငွေကျပ် ၁၂၀၀၀ခန့်သာ ကုန်ကျမည်ဖြစ်ပါသည်။ အေဝမ်းမီးဖိုအသုံးပြုသည့် မိသားစု ၅၅၀၀၀၀ အနက် ထက်ဝက်ခန့်သည် ထင်းကို ဝယ်ယူသုံးစွဲသူများဖြစ်ပါက ၎င်းတို့အတွက် တစ်နှစ်လျှင် ငွေကျပ်သန်းပေါင်း ၂၂၀၀ခန့် သက်သာနိုင်ပါသည်)

(၃) မီးခိုးထွက်မှုနည်းခြင်း၊ အပူရှိန်ဟပ်မှုနည်းခြင်း၊ ချက်ပြုတ်ချိန်မြန်ခြင်း စသည်တို့ကြောင့် အိမ်ရှင်မများ အဆုတ်၊ လည်ချောင်းနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားနိုင်မည့် အန္တရာယ်မှ လျော့နည်း သက်သာခြင်း၊ ပင်ပန်းမှုနည်းပြီး အချိန်ကုန်သက်သာခြင်း။

ထို့ပြင် အေဝမ်းမီးဖို အသုံးပြုသူများပြားလာသည်နှင့်အမျှ နိုင်ငံတော်အတွက် ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ–

(၁) ထင်းသုံးစွဲမှု လျော့နည်းလာသည်နှင့်အမျှ အဖိုးတန်သစ်တောကြီးများ ပြုန်းတီးမှုကို တစ်နည်းတစ်လမ်း ကာကွယ်ပေးနိုင်ခြင်း၊

(၂) ကျေးရွာလူထုအတွက် ထင်းစိုက်ခင်းများ တည်ထောင်ပေးရာတွင် ရာသီဥတုပြောင်းလဲမှု၊ လူနှင့်တိရစ္ဆာန်များ၏ ဖျက်ဆီးမှုများကြောင့် ထင်းစိုက်ခင်း တစ်ဧကမှ တစ်နှစ်လျှင် ထင်းပျမ်းမျှ ၅ ဒသမ၅ တန်ထွက်ရှိရန် မသေချာသော်လည်း အိမ်ထောင်စု ခုနစ်စုသည် အေဝမ်းမီးဖိုခုနစ်လုံးကို အသုံးပြုခြင်းဖြင့် တစ်နှစ်လျှင် ထင်း ၅ဒသမ၆ တန်ခန့် သက်သာရန် သေချာခြင်း၊ (အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် ထင်း ပျမ်းမျှ နှစ်တန်ခန့်သုံးစွဲပါသည်။ အေဝမ်းမီးဖို ခုနစ်လုံး၏ တန်ဖိုးသည် ကျပ် ၃၅၀၀သာရှိသဖြင့် ထင်းစိုက်ခင်းတစ်ဧက တည်ထောင်ရန် ကုန်ကျမည့် ငွေပမာဏ၏ ထက်ဝက်ခန့်သာ ရှိပါသည်။)

(၃) ထင်းလိုအပ်ချက် လျော့နည်းလာသည်နှင့်အမျှ ထင်းစိုက်ခင်းများ တည်ထောင်မှုကို လျှော့ချနိုင်သဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ သက်သာနိုင်ခြင်း၊

(၄) ထင်းစိုက်ခင်းများ တည်ထောင်မှုကို လျှော့ချနိုင်သည်နှင့်အမျှ အဖိုးတန်သစ်တော စိုက်ခင်းများတိုး၍ တည်ထောင်နိုင်ခြင်းတို့ဖြစ်ကြပါသည်။

သစ်တောသုတေသနဌာနမှ စမ်းသပ်တီထွင် ထုတ်လုပ်ဖြန့်ဖြူးခဲ့သည့် အေဝမ်းမီးဖိုများသည် ပြည်သူလူထုအတွက်သာမက နိုင်ငံတော်အတွက်ပါ တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသည်မှာပေါ်လွင်ထင်ရှားပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူလူထုပူးပေါင်း၍ အေဝမ်းမီးဖိုများကို နိုင်ငံတစ်ဝန်း ယခုထက် ပိုမိုကျယ်ပြန့်စွာ အသုံးပြုကြစေရန် ဝိုင်းဝန်းကြိုးပမ်းသင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

တိုးတက် သစ်လွင် မြန်ပြည် တစ်ခွင်

ကျောက်ဆည်အထူးကုဆေးရုံကြီး

မန္တလေးတိုင်း ကျောက်ဆည်မြို့တွင် အထူးကုဆေးရုံကြီး(ကျောက်ဆည်)ကို ၂၀၀၄ခုနှစ် ဧပြီ ၈ရက်က ဤသို့ ခံ့ညားထည်ဝါစွာ ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံ–သတင်းစဉ်)

ဒေသ စိမ်းလန်း စိုပြည်ရေးနှင့် ကျေးလက်ဒေသ ပြည်သူများ ရေရရှိရန်အတွက် ပခုက္ကူမြို့နယ် တန့်ကြည်တောင် ခြေရင်းတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဆောက်လုပ်ပေးထားသော ဆိကွဝရေထိန်း တမံကို တွေ့ရစဉ်။ ဓာတ်ပုံ–မိုးကို(သစ်တော)

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာတွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ–သတင်းစဉ်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး



သိပ္ပံနည်းကျ ငါးမွေးမြူရေး

ရောဝတီတိုင်း အိမ်မဲမြို့နှင့် ပန်းတနော်မြို့အကြား မိုးကုပ်ကျေးရွာအုပ်စု မိုးကုပ်ဒီးဒုတ်ကွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သိပ္ပံနည်းကျ ဧက ၁၀၀၀ ငါးမွေးမြူရေး စီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–သတင်းစဉ်)

ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများကိုဘေးဖယ် နိုင်ငံနှင့်လူမျိုးအတွက် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးကြိုးပမ်း

❀ ရွှေဖုံးမှ

အခြေခံရမည့်မူများကို ချမှတ်ပေးမည့် ညီလာခံကြီး ဖြစ်ကြောင်း။

တူညီသောရည်မှန်းချက်

ကိုယ်စားလှယ်များထဲတွင် လူထုလူတန်းစား အမျိုးမျိုး၊ တိုင်းရင်းသားအမျိုးမျိုးနှင့် အဖွဲ့အစည်းအမျိုးမျိုးက ပါဝင်ခဲ့ကြသဖြင့် အစည်းအဝေးစတင်စက အမျိုးမျိုးသော ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ၊ ဆန္ဒများဖြင့် တက်ရောက်လာခဲ့ကြခြင်းဖြစ်သော်လည်း ယခုအစည်းအဝေးအချိန်များ ကြာလာသည်နှင့်အမျှ အမျိုးသားညီလာခံကြီး အောင်မြင်ရမည်ဆိုသည့် တူညီသော ရည်မှန်းချက်ဖြင့် အချင်းချင်း တွေ့ဆုံညှိနှိုင်းတိုင်ပင်ဆွေးနွေးကြပြီး အပြုသဘောဆောင်သည့် အကြံဉာဏ်များ၊ ဆန္ဒများကို တင်ပြလာကြသည်ဖြစ်၍ အလွန်ဝမ်းသာ အားတက်စရာ ကောင်းကြောင်း။

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁၂/၂၀၀၄)တွင် အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အစုအဖွဲ့က ကိုယ်စားပြုရေးသားပြီးသည့် စာတမ်းများ မိမိတို့လုပ်ငန်းကော်မတီကို ရောက်ရှိလာကြပြီဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့်လည်း အစုအဖွဲ့ရှစ်ဖွဲ့က တင်ပြလာသည့် စာတမ်းများကို မျက်ခြည်မပြတ် အထပ်ထပ် ဖတ်ကြားလေ့လာပြီး အစုအဖွဲ့များနှင့်တိုင်ပင်ခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်းများ ပြန်လည်ပြုလုပ်ပြီး နိုင်ငံတော်အတွက် အခြေခံကောင်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

မှန်မှန်ကန်ကန်ရှုမြင်

ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ကြရာ၌ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများကို ဘေးဖယ်ထားပြီး နိုင်ငံနှင့်လူမျိုးအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါရန်နှင့် နိုင်ငံတော်၏သမိုင်းကြောင်းတစ်လျှောက် တွေ့ကြုံခဲ့ရသည့် ကောင်းကျိုး၊ ဆိုးပြစ်များကို သင်ခန်းစာယူ၍ ပစ္စုပ္ပန်၏ ပကတိအခြေအနေများကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ပြီး အနာဂတ်အတွက် ကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်မည့် ခိုင်မာသော အခြေခံမူများကို ချမှတ်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဘာသာပြန်အဖွဲ့ – ဖွဲ့စည်းဆောင်ရွက်ရန် ဘာသာပြန်အဖွဲ့ကို အဖွဲ့ဝင် ငါးဦးဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အလှူငွေများ ပေးအပ်ပွဲလည်း ကျင်းပရန် စီစဉ်ထားကြောင်း၊ အလှူငွေ ပေးအပ်ပွဲတွင် ရခိုင်ပြည်နယ်၌ လေပြင်းတိုက်ခတ်မှုအတွက် ညီလာခံကိုယ်စားလှယ်များက အလှူငွေများ ပေးလှူလိုကြောင်း ဆန္ဒပြုချက်အရ အလှူငွေပေးအပ်ခြင်းနှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူရှင်များက အလှူငွေများပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း။

အပတ်စဉ် ကြာသပတေးနှင့် တနင်္ဂနွေနေ့ဖျော်ဖြေရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် အငြိမ့်၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၏ ဖျော်ဖြေမှုနှင့် တေးဂီတအစီအစဉ်များပါ စီစဉ်ထားကြောင်း၊ တေးဂီတအစီအစဉ်တွင် ဆုရသူများအား ဆုချီးမြှင့်ရန် စီစဉ်ထားကြောင်း၊ မင်းဥက္ကာ ဆင်အဖွဲ့၏ ဆင်အကဖြင့် ဖျော်ဖြေရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့များထံသို့ အကြံပြုချက်စာတမ်းများ ပေးအပ်မှုအခြေအနေ၊ လုပ်ငန်းကော်မတီသို့ အကြံပြုစာတမ်းများ တင်ပြမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညီလာခံ ကိုယ်စားလှယ်များ၏ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုအတွက် ဆောင်ရွက်ထားရှိမှု၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအား လေ့လာရေးခရီး ပို့ဆောင်ရေးအတွက်စီစဉ်ထားရှိမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

အထွေထွေကိစ္စများ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် စီမံခန့်ခွဲမှု ကော်မတီဝင်များက အမျိုးသားညီလာခံ ကျင်းပခြင်းဆိုင်ရာ အထွေထွေကိစ္စရပ်များကိုတင်ပြဆွေးနွေးကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၂/၂၀၀၄)ကို မွန်းလွဲ ၁၂နာရီ ၂၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အောင်မြေဥဒါန်း

(၁)

* ညောင်နှစ်ပင်စခန်းမြေကတော့၊
နောင်အစဉ်ဥဒါန်းတွင်စေမယ့်၊
အောင်မြင်တဲ့လမ်းပေ။

(၂)

* အမျိုးသားအရေးပေမို့၊
နိုးကြားတဲ့အတွေးအခေါ်နဲ့၊
အရေးတော်တစ်ခါကြုံပြီကွယ့်၊
အလွှာစုံညီ တိုင်းရင်းသားတွေက၊
ရိုင်းပင်းတဲ့ "အား"တွေနဲ့၊
မနားမနေညှိနှိုင်းကြပါလို့၊
အမိတိုင်းနိုင်ငံ တည်ထောင်ပြုလေတဲ့၊
ပြည်ထောင်စုရဲ့အခြေခံဥပဒေ။

(၃)

* အခြေခံဥပဒေဆိုတာ
ပြည်ထောင်စုအသက်ပါပဲ၊
တည်ထောင်ပြုတာ
မပျက်မကွဲမယိုင်လဲစေဖို့၊
တစ်သက်မခွဲခိုင်မြဲစွာ
ဖြစ်တည်ထွန်းရမယ်တဲ့၊
ရည်ညွှန်းကာ ဆန္ဒတရားတွေက၊
သံသယမပွားအောင်
အကောင်အထည်ဖော်ကြလို့၊
အမှောင်ဖယ်ကာ
အလင်းရောက်စေမယ့်၊
ထွင်းဖောက်တဲ့ အောင်မြေ၊
နောင်အရှည် ကမ္ဘာတိုင်မြဲ။

(၄)

* တိုင်းရင်းသားပြည်သူအပေါင်းက၊
အောင်ကြောင်းဖြာ ငွေခရုတွေနဲ့၊
ဇေယျတုသဗ္ဗမင်္ဂလာရယ်လို့၊
အထပ်ထပ်အခါခါ ကြိုနေသည်တဲ့၊
ဒီမိုကရေစီလမ်းအဖွင့်ပါပဲ၊
စခန်းအဆင့် ညောင်နှစ်ပင်မှာတော့၊
(ကိုယ်စားလှယ်တွေက)
အောင်မြင်စွာ လှမ်းနေဆဲ။ ။

(ကျင်းပဆဲအမျိုးသားညီလာခံသို့ ရည်ညွှန်းဂုဏ်ပြုသည်)

ကေတုနိလာ

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှသဘာပတိအဖွဲ့ဝင်များ စာတမ်းရှင်ကိုယ်စားလှယ်များတွေ့ဆုံ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၈

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ စာတမ်းရှင် ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်း၌ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက အမှာစကား ပြောကြားပြီး တက်ရောက်သူများက အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်သွင်းရန် စာတမ်းပြုစုရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ညှိနှိုင်းစည်းဝေး

အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၁၂/၂၀၀၄) တွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၈

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ မလိခစိုးထိုက်အောင် ရိုက်ကူးပြီးသရုပ်ဆောင် ညွှန့်ဝင်း၊ ဒွေး၊ နန္ဒာလှိုင်၊ ထွန်းအိန္ဒြာဗို တို့ပါဝင်သရုပ်ဆောင်ထားသည့် "ရင်ခွင်နန်းတော်" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)



အမှာစကား ပြောကြား

အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များ၊ စာတမ်းရှင် ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး အမှာစကားပြောကြား စဉ်။

(သတင်းစဉ်)

ကျောက်စိမ်းတွင်းဓမ္မာရုံ တည်ဆောက်မှုစစ်ဆေး

ရန်ကုန် ဇွန် ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် အနီးရှိ ကျောက်စိမ်းတွင်း ဓမ္မာရုံကို မြစ်ကြီးနားအသင်း(ရန်ကုန်)က ကြီးမှူးပြီး ပြင်ဆင်မွမ်းမံနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ဘောလုံးဒိုင်လူကြီး သင်တန်းဆင်း အားကစားဝန်ကြီး သင်တန်းဆင်းလက်မှတ် ချီးမြှင့်

ရန်ကုန် ဇွန် ၁၈

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် ဘောလုံးဒိုင်လူကြီး သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ကို၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ဝန်ကြီးက သင်တန်းတွင် ပထမဆုရ ဦးကျော်ကျော်မင်း(မလိခ)၊ ဒုတိယဆုရ တပ်ကြပ်ခင်မောင်ထွေး (တပ်မတော်ဘောလုံးကော်မတီ)၊ တတိယဆုရ ဒေါ်သီတာကြည်(စက်မှု-၁)တို့အား ဆုများချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို ဇွန် ၄ရက်မှ ၁၇ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ စုစုပေါင်း ၂၉ဦး တက်ရောက်ခဲ့သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဘောလုံးဒိုင်လူကြီးသင်တန်းတွင် ပထမဆုရ ဦးကျော်ကျော်မင်း (မလိခ) အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမံစံမြို့ ဝတ်ပေါင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇဝန (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမံစံမြို့နယ် နောင်ကားကျေးရွာတွင် ခမည်းတော် ဦးပူလွယ်မောက်ဟိန်း၊ မယ်တော် ဒေါ်နိုင်းလွယ်ပွဲတို့မှ ၁၂၆၆ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက် (အင်္ဂါနေ့) ည ၇ နာရီတွင် ဖွားမြင်တော်မူသည်။

ရှင်ရဟန်းပြုခြင်း

၁၂၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ဝတ်ပေါင်ကျောင်း (၂-မိုင်ကျောင်း) ဆရာတော် ဘဒ္ဒန္တသုဇေယျကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၂၈၇ခုနှစ် ပြာသိုလဆန်း၁၁ရက် (ကြာသပတေးနေ့) နံနက် ၉း၁၁ နာရီတွင် ဝမ်ချင်တိုက်နယ် ကုန်းသာကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝရကိုဥပဇ္ဈာယ်ပြု၍ ဝတ်ပေါင်ကျောင်း (၂-မိုင်ကျောင်း) ခဏ္ဍာသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ကျောက်မဲမြို့ ပကာတောရကျောင်းဆရာတော် ဘဒ္ဒန္တသူရိယထံတွင် ပရိယတ္တိစာပေများကို ကျမ်းရိုးပေါက် သင်ယူတတ်မြောက်ခဲ့သည်။

သာသနာရေးဆိုင်ရာ ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၂၉၅ခုနှစ်မှစ၍ ကျေးသီးမံစံမြို့နယ်တွင် သုဓမ္မာဂိုဏ်းအုပ် ဆရာတော်အဖြစ်လည်းကောင်း၊ ၁၂၉၈ခုနှစ်တွင် ဒုတိယသံဃာလေးဂိုဏ်း ဂိုဏ်းအုပ်ဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၁၁ခုနှစ်တွင် ဒုတိယသံဃာလေးဂိုဏ်း၊ ဂိုဏ်းချုပ်ဆရာတော်ကြီးအဖြစ် လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်အဖြစ်လည်းကောင်း၊ ပိဋကတ်တော်များ ရှမ်းဘာသာဖြင့် ပြန်ဆိုရာတွင် စာမူစိစစ်တည်းဖြတ်ရေးတာဝန်ခံ ဆရာတော်အဖြစ်လည်းကောင်း ဒေသအတွင်း ငြိမ်းချမ်းသာယာရေးအတွက် အာဏာပိုင် အဖွဲ့အစည်းများနှင့်အတူ စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခဲ့ခြင်း၊ ရှေးဟောင်းစေတီများ ပြုပြင်ခြင်း စသည့် သာသနာ့တာဝန်များကို ထမ်းရွက်ခဲ့သည်။

ဘွဲ့တံဆိပ်တော်များ အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလ၊သမာဓိ၊ ပညာဂုဏ်၊ ခမာဇာဂရိယစသော ဂုဏ်၊ သက်တော်ရှည်ဆရာတော်ကြီးဖြစ်ခြင်း၊ သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်းများကို လေးစားလျက် နိုင်ငံတော်အစိုးရက ၁၉၉၅ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာ့အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် ၁၀၁နှစ်၊ သိက္ခာတော်၈၀ဝါအရ ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက် (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲ အဖြူရောင်အသင်းက အနီရောင်အသင်းကို အနိုင်ရ

ရန်ကုန် ဇွန် ၁၈

နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိသော ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် အနီရောင်အသင်းနှင့် အဖြူရောင်အသင်းဟူ၍ နှစ်သင်းခွဲ၍ ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ အဖြူရောင်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဖြူရောင်အသင်း လေးဂိုး။

(ကျော်ဇင်ဝင်း၊ ငွေးအောင်၊ ကျော်သူရနှင့် ရန်ပိုင် တစ်ဂိုးစီ)

အနီရောင်အသင်း တစ်ဂိုး။

(ထွန်းမင်းဦး)

ဒိုင်လူကြီး ဦးလှသန်းမောင်။

အဖြူရောင်အသင်းသည် အနီရောင်အသင်းထက် အသင်းလိုက် ကစားကွက် အားသာခြင်း၊ အချိတ်အဆက်မိပြီး နားလည်မှုရှိခြင်း၊ ဂိုးသွင်းခွင့် ဖန်တီးနိုင်ခြင်း၊ ဂိုးသွင်းသေချာခြင်းတို့ကြောင့် ယခုကဲ့သို့ အနိုင်ရသွားခြင်းဖြစ်သည်။

ယနေ့ပွဲတွင် ပထမနေ့ ကစားခဲ့သော အသင်းများမှ ကစားသမားများ အဆိုပါအသင်းတွင် သုံးလေးယောက်သာပြန်လည်ပါဝင်ကစားခဲ့ပြီးတစ်ဖက်အသင်းများတွင် ပါဝင်ကစားခဲ့ကြသည်။ ပထမပွဲတွင် ပွဲနားထားသူ ရှစ်ဦးအနက် ခြောက်ဦး ပါဝင်ကစားသွားကြသည်။

ပွဲအစတွင် အဖြူရောင်အသင်းက အချိတ်အဆက် မိမိဖြင့် အမြန်နှုန်းတင်၍ တိုက်စစ်ဆင်ကစားရာ လေးမိနစ်မှာပင် ကျော်သူရ ပေးသောဘောလုံးကို ကျော်ဇင်ဝင်းက အနီးကပ်ကန်သွင်းလိုက်၍ အဖြူရောင်အသင်း အဖွင့်ဂိုး စတင်ရရှိသွားသည်။ ဂိုးပေးလိုက်ရ၍ အနီရောင်အသင်း ချေပဂိုးရရှိရန် အားထည့်ကစားလာသည်။ မိနစ်၂၀တွင် ထွန်းမင်းဦးက မာလကန်သွင်းသောဘောလုံးကို ဂိုးသမား ထွန်းထွန်းလင်း ကာကွယ်ရာမှ ပြန်အန်ထွက်လာစဉ် ပိတ်သွင်းယူလိုက်သဖြင့် အနီရောင်အသင်း ချေပဂိုး ပြန်လည်ရရှိသွားသည်။

ထို့နောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာသော်လည်း အဖြူရောင်အသင်းက အကွက်ကျကျ၊ အချိတ်အဆက်မိမိ ကစားနိုင်၍ ပွဲကို ဦးဆောင်ကစားထားနိုင်သည်။ အဖြူရောင်အသင်းအတွက် ဒုတိယဂိုးကို မိနစ် ၃၀ တွင် ပြစ်ဒဏ်ဘောကို မျိုးမင်းထွန်းကန်တင်ပေးရာ နောက်ခံလူ ငွေးအောင်က ခေါင်းတိုက်သွင်းယူလိုက်၍ ပထမပိုင်းအပြီးတွင် အဖြူရောင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင်လည်း အသင်းလိုက် ကစားကွက် မိနေသော အဖြူရောင်အသင်းကို အနီရောင်အသင်း မချေဖျက်နိုင်ခဲ့သလို ထိထိရောက်ရောက်လည်း တိုက်စစ် မဆင်နိုင်ခဲ့ပေ။ အဖြူရောင်အသင်းကလည်း ဘောလုံးရသည်ဆိုသည်နှင့် တိုက်စစ်ကို တရစပ်ဆင်ရာအနီရောင်အသင်းခံစစ်ဖြင့်မနားရအောင် ဖျက်ထုတ်နေရသည်။ အနီရောင်အသင်း ခံစစ်ကိုကြိုးစားကာကွယ်သည့်ကြားမှပင် ၂၂မိနစ်၌ ကျော်သူရက တစ်ကိုယ်တော် အစွမ်းပြပြီး တတိယဂိုး၊ လေးမိနစ်အကြာ၌ အောင်ကျော်မိုးဖြတ်ပို့သောဘောလုံးကို ရန်ပိုင်က အပိုင်ကန်သွင်းပြီး စတုတ္ထဂိုးတို့ကို သွင်းယူလိုက်၍ ပွဲအပြီးတွင် အဖြူရောင်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဖြူရောင် အသင်းမှာ ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီသလို အချိတ်အဆက် မိမိဖြင့် ကစားကာ တွဲလုံးများ မိသောကြောင့် အနိုင်ရသွားခြင်း ဖြစ်ပြီး အနီရောင်အသင်းမှာ အချိတ်အဆက်နှင့် နားလည်မှုလွဲခြင်း၊ခံစစ်ဇုန် အနည်းငယ်အားပျော့နေ၍ အရှုံးကိုလက်ဝယ်ပိုင်ဆိုင်လိုက်ရခြင်းဖြစ်သည်။ ယနေ့ပွဲတွင် ဒဏ်ရာရနေသူဇော်ဇော်၊ ဘိုဘိုအောင်နှင့်သိန်းဇော်ထိုက်(ဂိုး)၊ ကျန်းမာရေး မကောင်းသူ ဆန်းဒေးသိန်းနှင့် ထွန်းမင်းနိုင်တို့ငါးဦးကို ပွဲနားထားခဲ့သည်။

ခြေစမ်းပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုက အနိုင်ရသွားသော အဖြူရောင်အသင်းအား ဆုကြေးငွေ ကျပ်ခုနစ်သောင်း၊ အနီရောင် အသင်းအား ဆုကြေးငွေ ကျပ်လေးသောင်း ပေးအပ်ချီးမြှင့်သည်။

အဖြူရောင်အသင်းတွင် ဂိုး-ထွန်းထွန်းလင်း၊ နောက်တန်း မင်းသူ(ကျော်ကျော်လင်း)၊ ငွေးအောင်၊ ဇော်ထက်အောင်၊ စိုးလင်းထွန်း(မောင်မောင်မြင့်)၊ အလယ်တန်း-မောင်မောင်အောင်၊ကျော်ဇင်ဝင်း၊ အောင်ကျော်မိုး (အသင်းခေါင်းဆောင်)၊ မျိုးမင်းထွန်း၊ ရှေ့တန်းတွင် ရန်ပိုင်နှင့် ကျော်သူရတို့ ပါဝင်ကစားခဲ့ကြပြီး အနီရောင်အသင်းတွင် ဂိုး-အောင်အောင်ဦး၊ နောက်တန်း-ဟန်ဝင်းအောင်၊ ဇော်လင်းထွန်း၊ စိုးမြတ်မင်း (အသင်းခေါင်းဆောင်)၊ အောင်ဇော်မျိုး၊ အလယ်တန်း-ထွန်းထွန်းဝင်း(ကျော်ခိုင်ဝင်း)၊ အောင်ဟိန်းလတ်၊ လွင်ဦး(စန်းမောင်)၊ မာလ၊ ရှေ့တန်းတွင် ဇော်ထိုက်နှင့်ထွန်းမင်းဦးတို့ ပါဝင်ကစားခဲ့သည်။ (ကြေးမုံ)

အနီရောင်အသင်း တိုက်စစ်မှူး ဇော်ထိုက်၏ ထိုးဖောက်မှုကို အဖြူရောင် အသင်း နောက်ခံလူဇော်ထက်အောင် ဟန့်တား ဖျက်ထုတ် လိုက်စဉ်။ (ကြေးမုံ)

ဒိန်းမတ်က ဘူဂေးရီးယားကို အနိုင်ရ ဘူဂေးရီးယားနှစ်ပွဲရှုံး၍ မျှော်လင့်ချက်မရှိ

ရန်ကုန် ဇွန် ၁၈

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)ပွဲစဉ်ကို ယနေ့ည ၁၀နာရီခွဲက ပေါ်တူဂီနိုင်ငံ၌ ဆက်လက် ယှဉ်ပြိုင်ကစားကြရာ ဒိန်းမတ်က ဘူဂေးရီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရရှိသွားသည်။

ဒိန်းမတ် - နှစ်ဂိုး။

(တိုမတ်ဆန်နှင့် ဂရွန်ချာ တစ်ဂိုးစီ)

ဘူဂေးရီးယား - ဂိုးမရှိ။

ဒိန်းမတ်အသင်းက အနိုင်ရရှိရေးအတွက် ပွဲအစမှ တောက်လျှောက်ဖိကစားသွားနိုင်သည်။ ဘူဂေးရီးယားက ခပ်ကြမ်းကြမ်းဖျက်ထုတ်ကစားသွားသည်။ ဒိန်းမတ်အတွက် အနိုင်ဂိုးများကို ပထမပိုင်း ၄၄မိနစ်တွင် တိုမတ်ဆန်က လည်းကောင်း၊ မိနစ်၉၀ တွင် ဂရွန်ချာကလည်းကောင်းသွင်းယူခဲ့သည်။ ဇွန်၂၃ရက် နံနက် ၁ နာရီ ၁၅မိနစ်၌ ဒိန်းမတ်နှင့်ဆွီဒင်၊ အီတလီနှင့်ဘူဂေးရီးယားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

YMBA အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဇွန် ၁၈

(YMBA) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇွန် ၂၇ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များတက်ရောက်ရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။

(က-ပ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ပါမောက္ခ ဒေါက်တာစိန်မြင့်(ဥက္ကဋ္ဌ-စူပရင်းကုမ္ပဏီများအုပ်စု၊ ဥက္ကဋ္ဌ-မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ဥက္ကဋ္ဌ-မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်) - ဒေါ်မြတ်သန္တာ(ဒု-အုပ်ချုပ်မှုဒါရိုက်တာ-စူပရင်းကုမ္ပဏီများအုပ်စု)တို့၏သား

မောင်ဉာဏ်ခိုင်စိုး

B.B.A, Kobe University of Commerce (Japan)

နှင့်

ရန်ကုန်မြို့နေ ဦးတင်ရွှေ(ကထိက- Assumption University, Bangkok)- ဒေါ်နု(လ/ထ ထွေဂျာ-ငြိမ်း၊ အထွေထွေကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)တို့၏သမီး

ဒေါက်တာစန္ဒာဖြူ M.B.,B.S(Ygn)

တို့၏ ၁၂-၆-၂၀၀၄ ရက် (စနေနေ့)တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးတို့နှင့်တကွ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ၊ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးကြပါသော အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၏ ဇနီး ဒေါ်တင်တင်လတ်နှင့် မိသားစု၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လှိုင်၏ဇနီး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်မောင်တင့်နှင့် ဇနီးတို့နှင့်တကွ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် ဇနီးများ၊ စက်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများ၊ နိုင်ငံရပ်ခြားမှ လာရောက်ပြီး မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ကြသူများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ အမှုဆောင်များ၊ အခြား NGO အဖွဲ့အစည်းများမှအကြီးအကဲများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဒေါ်နုနုရီ၊ မင်္ဂလာပန်းကြဲပေးသော မဖြူဖြူခိုင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မအေးမိုးခိုင်နှင့် မသူဇာ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာ အခါတော်ပေး သီဆိုပေးသော အဆိုတော် ဟေမာနေဝင်းနှင့် စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ သတို့သားအရံ၊ သတို့သမီးအရံများအဖြစ် ကူညီပေးကြသော ညီအစ်ကိုမောင်နှမများ၊ ဓာတ်ပုံဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအား လည်းကောင်း၊ ၁၀-၆-၂၀၀၄ ရက်တွင် တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာ မော်ကွန်းတင်လက်မှတ် ရေးထိုးပေးခဲ့သော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ၁၃-၆-၂၀၀၄ ရက်တွင် ညောင်ကန်အေး သာသနာ့ရိပ်သာ၌ ကျင်းပသော မင်္ဂလာဆွမ်းကျွေးအလှူသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် မင်္ဂလာညှော်ခံပွဲဖြစ်မြောက်အောင်မြင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဉာဏ်ခိုင်စိုး-ဒေါက်တာစန္ဒာဖြူ။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ စီမံရေးရာဝန်ထမ်း ကျား/မ (၁) ဦး
စီမံရေးရာလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။
၂။ လက်ထောက်စာရင်းကိုင် မ (၂) ဦး
(B.Com) ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေးမည်။
၃။ ရုံးဝန်ထမ်း (ဘွဲ့ရ) ကျား/မ (၃) ဦး
၄။ ရုံးအကူဝန်ထမ်း (၁၀တန်းအောင်) ကျား/မ (၂) ဦး
၅။ ယာဉ်မောင်း ကျား (၄) ဦး
ယာဉ်မောင်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
၆။ သန့်ရှင်းရေးဝန်ထမ်း ကျား/မ (၄) ဦး
၇။ ညလုံခြုံရေးဝန်ထမ်း ကျား (၂) ဦး

အထက်ပါ လုပ်ငန်းများကို စိတ်ဝင်စားသူများသည် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း C.V Form များကို မိမိတို့ကိုယ်တိုင် လက်ရေးဖြင့် ဖြည့်စွက်ရေးသား၍ မကြာမီက ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ အထောက်အထားစုံလင်စွာဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်လိပ်စာ- အမှတ်(၁၂/က)၊ အောင်မင်္ဂလာလမ်း၊ အောင်မင်္ဂလာအိမ်ရာ၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

၂၀၀၄-၂၀၀၅ ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၈

၂၀၀၄-၂၀၀၅ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၂၁ ရက်မှစ၍ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် လူငယ် အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် တစ်ပြိုင်တည်း ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် ယမန်နှစ်ဘောလုံးရာသီ အပြီးတွင် ကျန်ရှိခဲ့သော အသင်း(၁၄)သင်း၊ ပထမတန်းမှ တက်လာသောနှစ်သင်း စုစုပေါင်း (၁၆)သင်းရှိသည့်အနက် ပုဂ္ဂလိကမလိခအသင်း ဝင်ရောက် မယှဉ်ပြိုင်သဖြင့် (၁၅)သင်းသာ ဝင်ရောက် ယှဉ်ပြိုင်မည် ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည် ဖြစ်သည်။

(က)အုပ်စု၌ စွမ်းအင်၊ ဆောက်လုပ်ရေး၊ မြို့တော်စည်ပင်၊ တံခွန်၊ (ခ)အုပ်စု၌ ကမ္ဘောဇ၊ လယ်/ဆည်၊ ပတ္တမြားနဂါး၊ ကာကွယ်ရေး၊ (ဂ)အုပ်စု၌ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်၊ ပို့ဆောင်ရေး(က)၊ သစ်တောရေးရာ၊ လယ်ယာ/ထွက်ကုန်၊ (ဃ)အုပ်စု၌ တပ်မတော် ကြည်း(က)၊ စီးပွား/ကူးသန်းနှင့် ပြည်ထဲရေးတို့ ပါဝင်ကြသည်။

ပွဲဦးထွက်ပွဲစဉ်အဖြစ် ဇွန် ၂၁ ရက်၌ သုဝဏ္ဏကွင်းတွင် စွမ်းအင်နှင့် တံခွန်၊ အောင်ဆန်းကွင်း၌ မြို့တော်စည်ပင်နှင့် ဆောက်လုပ်ရေးတို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန် လိုအပ်သော ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ သတင်းစာစက္ကူများကို ဝယ်ယူလိုပါသည်-

(က)	သတင်းစာစက္ကူ	(48.8 Gsm) (28. ¼"/ 34"/40" Width)	၁၄၀၀ တန်
(ခ)	သတင်းစာစက္ကူ	(48.8 Gsm) (30" Width)	၁၈၀၀ တန်
(ဂ)	သတင်းစာစက္ကူ	(48.8 Gsm) (34" Width)	၁၃၅ တန်

၂။ တင်ဒါပေးသွင်းမှုကို (၃၀-၆-၂၀၀၄)ရက် (၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

မိုးရာသီအိမ်ရာအရောင်းပွဲတော်

(၁.၆.၂၀၀၄ မှ ၃၀.၆.၂၀၀၄) အတွင်း

"ယုဇနဆောက်လုပ်ရေးအဖွဲ့၏မှန်မြတ်သောစေတနာ"

(လူတိုင်း၊ လူတိုင်း၊ တိုက်ခန်း ဖြစ်ခွင့် ခံစားနိုင်ရမည်)

- အဆင့်သင့်နေနိုင်သည့်တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ
- လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သုဝဏ္ဏမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်/မြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ HALL TYPE၊ ROOM TYPE
- လူနေခန်းအဲလုပ်လုပ်၊ ရုံးခန်းအဲလုပ်လုပ်၊ စီးပွားရေးအဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့်အခန်းများ

ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်

အမြတ်ခွန်ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်

တိုက်ခန်းတန်ဘိုးအနည်းဆုံး (၂၀) သိန်းဖြစ်ပါတယ်

အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း

အရောင်းဌာန - ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

ဂန္ဓကုဋိတိုက်တော်ကြီး တည်ဆောက်ရန် လှူဒါန်းနိုင်

ပြည် ဇွန် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့ အရှေ့ရွှေကျောင်းကြီးရိပ်သာ၌ တိလောကာဓိပတိ မဟာမုနိ ကြေးတော်ကြီးဘုရား ကိန်းဝပ်စံပယ်တော်မူမည့် ကမ္ဘာလုံးစေတီ ဂန္ဓကုဋိတိုက်တော်ကြီး တည်ဆောက်ရန်အတွက် ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ အရှေ့ရွှေကျောင်းကြီးရိပ်သာ အင်းမ ဖုန်း ၀၅၃–၂၅၀၀၆ နှင့် ဖုန်း ၀၅၃–၂၅၀၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြို့နယ်သတင်းများ

ဧရာဝတီတိုင်း ဟသာတမြို့နယ် ဒူးယား စံပြကျေးရွာတိုက်နယ် ပြည်သူ့ ဆေးရုံဝင်းတွင် ငွေကျပ် ၉၄ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့သည့် သံဃာ့ဆေးရုံ အဆောက်အအုံအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၃၀ ရက်က ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်အား အလှူရှင် ဦးမောင်နီ(ဝဇီရာဆန်စက်)က ဖွင့်ပွဲအထိမ်းအမှတ် အလံပေးအပ်စဉ်။ (က–ပ)

အခြေခံပညာ အလယ်တန်းကျောင်းခွဲဖွင့် ပညာရေးနှင့် ပတ်သက်သည်များ ရှင်းလင်းတင်ပြ

ဝက်လက် ဇွန် ၁၂

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ရေထွက်ကျေးရွာအုပ်စု ဒွန်တဲကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲဖွင့်ပွဲကို ကျောင်းဆောင်အတွင်း ဇွန် ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အခြေခံပညာအမှတ်(၂)(ရုံးချုပ်) အကြီးတန်းပြအရာရှိ ဦးအေးကိုတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ယုယုနိုင်က ပညာရေးနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက စာရွက်စာတမ်းများနှင့် စာရင်းများကို လွှဲပြောင်းပေးအပ်သည်။ (၂၃၀)

ကျွန်းတောကျေးရွာ လက်နှိပ်တွင်းတိမ်ဖွင့်

အင်းတော် ဇွန် ၃

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးဖြစ်သည့် သုက္ခာ ကျေးရွာအုပ်စု နန့်ဆင်–ကျွန်းတောကျေးရွာ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ (လက်နှိပ်တွင်းတိမ်) ဖွင့်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါ လက်နှိပ်တွင်းတိမ် အခမ်းအနားမှခံဦးတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ သုက္ခာရွာ၊ နန့်ဆင်ရွာ၊ ကျွန်းတောရွာတို့မှ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး၊ ကျွန်းတောကျေးရွာ ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု အဖွဲ့ဝင် ဦးကျော်လှတို့က လက်နှိပ်တွင်းတိမ်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (၂၃၃)

ကြည့်ရှုစစ်ဆေး

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် အင်ဂျင်နီယာ ဦးမော်လွင်တို့ ဇွန် ၁၀ ရက်က မြို့တွင်းလမ်းများနှင့် ကမ်းနားလမ်း ကျောက်ချောခင်းရန်အတွက် ကြည့်ရှုစစ်ဆေးစဉ်။ (၁၈၂)

လှိုင်းဘွဲ့မြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၏ ၂၀၀၄–၂၀၀၅ ခု ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၇ ရက်က ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာကော်မတီက ကျောင်းသား၊ ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

မြေသား မြှင့်တင်ဆောင်ရွက်မှု စစ်ဆေး

ကျုံပျော် ဇွန် ၁၁

ကျုံပျော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်စည်းရုံးမှုဖြင့် ထိန်ငူကြီး–မော်သေး–ကြာအင်းလမ်း မြေသားမြှင့်တင် ဆောင်ရွက်ပြီးစီးမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးသန်းအေး၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မင်းတို့က ရှင်းလင်းတင်ပြကြသည်။

ကျောက်ချောခင်း

ထိန်ငူကြီး – မော်သေး – ကြာအင်းလမ်းသည် အရှည် နှစ်မိုင်ငါးဖာလုံရှိပြီး ကျောက်ချောခင်းခြင်းပြီးစီးသွားပါက ကျေးရွာပေါင်း ၁၄ ရွာအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သွားမည်ဖြစ်သည်။ (က–ပ)

အနေးယာဉ် လိုင်စင်သက်တမ်းတိုးပေး

တမူး ဇွန် ၅

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မေ ၃၁ ရက်တွင် ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ်များအား စိစစ်၍ လိုင်စင်သက်တမ်းတိုးပေးခြင်း၊ အနေးယာဉ်စည်းကမ်းများ၊ လမ်းစည်းကမ်းများ သိရှိလိုက်နာရေးအတွက် ပညာပေးဟောပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် ဒုဦးစီးမှူး (အခွန်) ဦးလေးမော်တို့က အဖွဲ့ဝန်ထမ်းများနှင့်အတူ အနေးယာဉ် တစ်စီးချင်း စစ်ဆေးကြပြီး လိုင်စင်သက်တမ်းတိုးပေးကြောင်း သိရသည်။ (က–ပ)

ပေါင်းတည်မြို့နယ် တာပွန်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း အရှည် ပေ ၇၂၀၊ အကျယ် ၁၂ ပေအား ကျောက်ခွဲစက်များ အသုံးပြု၍ လမ်းခင်း ဆောင်ရွက်နေမှုကို မေ ၂၂ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူအောင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၄၉၇)

မေ ၂၈ ရက်က မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဖြစ်သော မြေယာရှုခင်း အလှဆင်ခြင်း လုပ်ငန်းများကို လွန်ဆေးမြိုင် ပန်းဥယျာဉ်အတွင်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုတို့ အနီးကပ်ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နေ အလှူရှင်များ ဖြစ်ကြသော ဦးနေဝင်း၊ ဇနီး ဒေါ်အေးအေးမွန်တို့က ပေါင်မြို့နယ် ပန်းကုန်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ သားဖွားခန်းဆောက်လုပ်ရန် အလှူငွေကျပ်၃၈သိန်းပေးအပ်လှူဒါန်းပွဲကို မေ ၁၅ ရက်က ပန်းကုန်းကျေးရွာ သင်ပေါင်းချောင်း ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ အလှူရှင်များ လှူဒါန်းငွေကို မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဝင်များက လက်ခံယူစဉ်။ (၂၅၅)

မြန်မာ့သိုင်း အခြေခံသင်တန်းဖွင့်

ကောလင်း ဇွန် ၅

ကောလင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာ့သိုင်း အခြေခံဆင့်ပွားသင်တန်းကို မေ ၁၅ရက်မှ မေ ၃၀ ရက်ထိ ရက်သတ္တနှစ်ပတ်ကြာ ကောလင်းမြို့ ရွှေမော်ကွန်းအားကစား ခန်းမတွင် ဖွင့်လှစ်ပို့ချရာ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ်အားကစားမှူး ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများက နေ့စဉ် ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ (၂၁၄)

မွေးနေ့ဆုမွန်

ဦးသိန်းဦး၏ ၁၈–၆–၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မှ နှစ်(၁၂၀)တိုင် ကျန်းမာ၊ ချမ်းသာစွာဖြင့် နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပြီး ကိုယ်စိတ်နှလုံး သုံးပါးလုံး ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဒေါ်ခင်ခင်စိန်နှင့် သားသမီးများ
မြေးချစ်–မင်းသွေး (TTC).

မြန်မာနိုင်ငံဂီတအစည်းအရုံး
ကမ္ဘာ့ဂီတ မိုးရာသီအထူးသင်တန်းများ

ဖွင့်လှစ်မည်ဖြစ်ပါ၍ ဂစ်တာ၊ အော်ဂင်၊ တယောနှင့် ဂီတသင်္ကေတ အရေး၊ အဖတ်(အဆို) တက်ရောက်သင်ကြားလိုသူများ စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန်– မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) မွေ့ဒါနလမ်း၊ နတ်ချောင်းရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၄၅၈၆၂၊ ၅၄၅၈၆၃၊ ၅၄၉၉၅၆

လက်ထပ်ပြီးစီးခြင်း

ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ မောင်ခင်လမ်း၊ အမှတ်(၁၁/၄၇)နေ
ဦးမြင့်ဇော် – ဒေါ်အေးအေးခိုင်တို့၏သားလတ်
ဗိုလ်ကျော်စိုးဝင်း B.E (Chemical D.S.T.A) နှင့်
ပန်းတောင်းမြို့နယ်၊ ဆင်တဲအလယ်ပိုင်းရပ်နေ
ဦးကျော်ဇေယျ–ဒေါ်တင်တင်အောင်တို့၏တစ်ဦးတည်းသောသမီး
မဝ့်ဖြူဖြူကျော် First Year (Law)
တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ ပျဉ်းမနားမြို့၊ မင်္ဂလာကန်တော်ခန်းမတွင် ၁၅–၆–၂၀၀၄နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကျော်စိုးဝင်း – မဝ့်ဖြူဖြူကျော်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
သထုံလမ်း၊ ရန်ကုန်မြို့
(လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)အောက်ရှိ တက္ကသိုလ်များတွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ(လစာနှုန်း ကျပ် ၅၄၀၀–၁၀၀–၅၉၀၀)ရာထူးများ လစ်လပ်ပါသဖြင့် လျှောက်ထားလိုသူများ လျှောက်လွှာများ တင်သွင်းနိုင်ကြပါသည်–

စဉ်	ဘာသာရပ်	ပညာအရည်အချင်းသတ်မှတ်ချက်
၁	ဂျပန်	ဘွဲ့တစ်ခုခုရရှိပြီး နိုင်ငံခြားဘာသာတက္ကသိုလ်များမှ ဂျပန်ဘာသာစကား ဘာသာရပ်တွင် ဒီပလိုမာရရှိပြီး အနည်းဆုံးအထူးအောင် (Credit)ရရှိသူ (သို့) ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ဝိဇ္ဇာဘွဲ့ (ဂျပန်ဘာသာစကား)ကို CGPA 3.0 ဖြင့် အောင်မြင်သူများ
၂	ဂျာမန်	ဘွဲ့တစ်ခုခုရရှိပြီး နိုင်ငံခြားဘာသာ တက္ကသိုလ်များမှ ဂျာမန်ဘာသာစကားဘာသာရပ်တွင် ဒီပလိုမာရရှိပြီး အနည်းဆုံး အထူးအောင် (Credit)ရရှိသူ (သို့)ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ဝိဇ္ဇာဘွဲ့(ဂျာမန်ဘာသာစကား)ကို CGPA 3.0 ဖြင့် အောင်မြင်သူများ
၃	ရုရှား	ဘွဲ့တစ်ခုခုရရှိပြီး နိုင်ငံခြားဘာသာ တက္ကသိုလ်များမှ ရုရှားဘာသာစကားဘာသာရပ်တွင် ဒီပလိုမာရရှိပြီး အနည်းဆုံး အထူးအောင် (Credit)ရရှိသူ(သို့) ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ဝိဇ္ဇာဘွဲ့(ရုရှားဘာသာစကား)ကို CGPA 3.0 ဖြင့် အောင်မြင်သူများ
၄။	တရုတ်	ဘွဲ့တစ်ခုခုရရှိပြီး နိုင်ငံခြားဘာသာတက္ကသိုလ်များမှ တရုတ်ဘာသာစကားဘာသာရပ်တွင် ဒီပလိုမာရရှိပြီး အနည်းဆုံး အထူးအောင် (Credit)ရရှိသူ (သို့)ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်တို့မှ ဝိဇ္ဇာဘွဲ့(တရုတ်ဘာသာစကား)ကို CGPA 3.0ဖြင့် အောင်မြင်သူများ
၅။	ပြင်သစ်	ဘွဲ့တစ်ခုခုရရှိပြီး နိုင်ငံခြားဘာသာ တက္ကသိုလ်များမှ ပြင်သစ်ဘာသာစကားဘာသာရပ်တွင် ဒီပလိုမာရရှိပြီး အနည်းဆုံး အထူးအောင် (Credit)ရရှိသူ (သို့)ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်တို့မှ ဝိဇ္ဇာဘွဲ့(ပြင်သစ်ဘာသာစကား)ကို CGPA 3.0ဖြင့် အောင်မြင်သူများ
၆။	ထိုင်း	ဘွဲ့တစ်ခုခုရရှိပြီး နိုင်ငံခြားဘာသာ တက္ကသိုလ်များမှ ထိုင်းဘာသာစကားဘာသာရပ်တွင် ဒီပလိုမာရရှိပြီး အနည်းဆုံး အထူးအောင် (Credit) ရရှိသူ
၇	ကိုရီးယား	ဘွဲ့တစ်ခုခုရရှိပြီး နိုင်ငံခြားဘာသာ တက္ကသိုလ်များမှ ကိုရီးယားဘာသာစကားဘာသာရပ်တွင် ဒီပလိုမာရရှိပြီး အနည်းဆုံး အထူးအောင် (Credit)ရရှိသူ (သို့)ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်တို့မှ ဝိဇ္ဇာဘွဲ့(ကိုရီးယားဘာသာစကား)ကို CGPA 3.0 ဖြင့် အောင်မြင်သူများ

၂။ **လျှောက်ထားသူများသည်–**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၁၆ရက်နေ့တွင် အသက်(၃၅)နှစ် ဝန်ထမ်းဖြစ်ပါက (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) မည်သည့်တက္ကသိုလ်မဆို သွားရောက်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)တွင် တစ်စုံလျှင် ၅ဝိ/–နှုန်းဖြင့် ဝယ်ယူ၍ ၁၆–၇–၂၀၀၄ရက်နေ့ နောက်ဆုံးထားပြီး တင်သွင်းလျှောက်ထားနိုင်ပါသည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို လမ်းစဉ်အတိုင်းပေးပို့၍ မိတ္တူတစ်စောင်ကို ဝန်ထမ်းရေးရာဌာနခွဲ၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)သို့ ၁၆–၇–၂၀၀၄ရက်နေ့ နောက်ဆုံးထားပြီး တိုက်ရိုက်လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ လိုင်စင်အရွယ်ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းအထောက်အထားများနှင့် အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၅။ လူတွေ့စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ သထုံလမ်း၊ ဖုန်း–၀၁–၅၁၃၁၄၆၊ ၀၁–၅၃၄၃၂၀နှင့် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ဖုန်း–၀၂–၃၉၃၁၇တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန။

MGS Food Co., Ltd.
ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

(၁) **Production Engineer** ကျား (၁) ဦး
- **B.E (Mech/Chemical) Food Technology**
- စားသောက်ကုန်လုပ်ငန်းတွင် အတွေ့အကြုံရှိသူဖြစ်ရမည်။
- အသက် ၃၅–၅၀နှစ်အတွင်း

(၂) **Engineer** ကျား (၂) ဦး
- **B.E (Electrical / Civil)**
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။
- အသက် ၂၅–၄၅နှစ်အတွင်း

(၃) **Quality Control Manager** ကျား/မ (၁) ဦး
- **B.E (Chemical) / B.Sc (I.C) or Equivalent Degree**
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။
- အသက် ၃၅–၄၅နှစ်အတွင်း

(၄) **Marketing Manager** ကျား (၁) ဦး
- **Any Graduated**
- ဈေးကွက်(သို့)အရောင်းအဝယ်အတွေ့အကြုံရှိသူဖြစ်ရမည်။
- အသက် ၃၀–၄၅နှစ်အတွင်း

(၅) **Fleet Manager** ကျား (၁) ဦး
- **B.E / A.G.T.I°(Mechanical)**
- ယာဉ်စက်ပြင်အတွေ့အကြုံ ရှိသူဖြစ်ရမည်။
- အသက် ၂၅–၄၅နှစ်အတွင်း

(၆) **Security Officer** ကျား (၁) ဦး
- **Any Graduated**
- အသက် ၃၅–၄၅နှစ်အတွင်း

(၇) **Machanic** ကျား (၁) ဦး
- **A.G.T.I°(Mech)**
- စက်ပြင်အတွေ့အကြုံ(၃)နှစ်ရှိသူဖြစ်ရမည်။
- အသက် ၂၅–၃၅နှစ်အတွင်း

(၈) **Sale Man** ကျား (၅) ဦး
- အခြေခံပညာအထက်တန်းအောင်
- အရောင်းလုပ်ငန်း(၁)နှစ်အတွေ့အကြုံရှိသူဖြစ်ရမည်။
- အသက် ၂၀–၃၀နှစ်အတွင်း

(၉) **Forklift Driver** ကျား (၁) ဦး
- (၈)တန်းအောင်
- ယာဉ်မောင်းလိုင်စင်ရှိရမည်။ **Forklift**အတွေ့အကြုံရှိသူဦးစားပေးမည်။
- အသက် ၂၅–၄၅နှစ်အတွင်း

(၁၀)**Driver** ကျား (၅) ဦး
- ၈ တန်းအောင် / ယာဉ်မောင်းလိုင်စင်ရှိရမည်။
- အသက် ၂၅–၄၅နှစ်အတွင်း

အထက်ပါ အရည်အချင်းနှင့်ပြည့်စုံသူများသည် (၁၄)ရက်အတွင်း ကိုယ်ရေး မှတ်တမ်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းထောက်ခံချက်မိတ္တူနှင့် လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲလျက် ၇/၈၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

အမည်ပြောင်းခြင်း

အမှတ်–၁၅၀ Dတက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေ ဦးမြသောင်း– ဒေါ်တင်တင်အောင်တို့၏သား ကိုဇော်ညွန့် [၁၂/ဒဂန(နိုင်)၀၁၆၃၀၂]အား ကိုရဲလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **ကိုရဲလွင်။**

ငြိမ်းချမ်းရေး
TV,VIDEO,VCD

အိမ်အရောက်ပြုပြင်ပေးသည်
No-41၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ ဖုန်း–၅၄၈၁၉၇။

ပြည်တွင်း၌သာခန့်ထားရန်

နောက်ဆုံးပေါ် နည်းပညာဖြင့် ထုတ်လုပ်ထားသော ချည်ထည်နှင့်ဆိုးဆေး လုပ်ငန်း၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေး၊ ပုစွန်မွေးမြူရေးလုပ်ငန်း၊ စားသောက်ကုန် ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး Chemicalsများအား မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

၁။	**Marketing Manager**	**1 Post**
၂။	**Marketing Executive**	**4 Posts**
၃။	**Supervisor**	**2 Posts**
၄။	**Driver**	**2 Posts**

(၁) အသက် ၃၀မှ ၄၀နှစ်အတွင်း ဘွဲ့ရ (သို့) အုပ်ချုပ်မှုနှင့် ဈေးကွက်ဆိုင်ရာ ဘွဲ့လွန် (သို့) ဒီပလိုမာ၊ စီမံကွပ်ကဲနိုင်ရမည်။
(၂) B.Sc(Chemistry) / B.Sc (IC) / အခြားဘွဲ့ရ၊ (၃၅)နှစ်အောက် အမှတ်စဉ်နှစ်မျိုးစလုံးတွင် ဈေးကွက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ် Chemical ဈေးကွက်ကို တတ်ကျွမ်းနားလည်သူ Chinese / Japanese /English ဘာသာစကားတစ်ခုခု တတ်ကျွမ်းစွာ ပြောဆိုရေးသားနိုင်သူအား ဦးစားပေးမည်၊ လိုအပ်ပါက ခရီးထွက်နိုင်ရမည်။
(၃) Housekeeping / Laundry Supervising အတွေ့အကြုံရှိရမည်။

စိတ်ပါဝင်စားသူများ CV၊ ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ လိုအပ်သောအထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကြော်ငြာသည့်နေ့မှစ၍ တစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

Tiger Co., Ltd. (710186)

နံပါတ် ၇၇–၅၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

အများသိစေရန် သတိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၃၈လမ်း၊ အမှတ်(၁၁၅) အဆောက်အအုံသည် ပန်ဂျာဗလီ၏ ဗလီဝတ္တကမြေပေါ်တွင် တည်ရှိသော ပန်ဂျာဗလီသာသနာပိုင် အဆောက်အအုံဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းအဆောက်အအုံရှိ အပေါ်ထပ် ဒေါ်သိန်းမေ – ဆရက်အဗ္ဗဒုလ်ဟူစိန်အခန်းနှင့် မြေညီထပ် မြ–ပုံနှိပ်တိုက်အခန်းတို့အား ပန်ဂျာဗလီဂေါပကအဖွဲ့၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သည့်လုပ်ငန်းကိုမှ တိုးချဲ့ လွှဲပြောင်းလုပ်ကိုင်ခြင်း၊ တစ်ဆင့် ပြန်လည်ရောင်းချလွှဲပြောင်းပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်ပြန်လည် ငှားရမ်းခြင်း၊ သန်းခေါင်စာရင်း ဧည့်စာရင်းနှင့် နောက်တိုးစာရင်းများဖြင့် နေထိုင်ပြုလုပ်ခြင်းများ မပြုလုပ်ရန် တားမြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

ပန်ဂျာဗလီဂေါပကအဖွဲ့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ဝင်းအောင် [၁၂/တတန(နိုင်)၁၄၁၀၉၅]သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးကျော်ရှိန် [၁၂/တတန(နိုင်)၀၁၉၇၈၆]။

အမည်ပြောင်းခြင်း

ဦးမင်းမင်းဇော်၏သား ILBC (သုမင်္ဂလာ)KG-Eမှ မောင်မင်းမြတ်ကျော်အား ယနေ့မှစ၍ မောင်မင်းခန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းခန့်ကျော်။

ဆိုင်ဖွင့်ပွဲ၃နှစ်ပြည့်အထူး

30% Off

အရှေ့တိုင်းမျက်မှန်

383884

သတ္တုဗေဒအင်ဂျင်နီယာ နှစ်(၅၀)ပြည့်ရွှေရတု

သတ္တုဗေဒအင်ဂျင်နီယာ (Metallurgical Engineer) နှစ်(၅၀)ပြည့်ရွှေရတုသက်ကြီးအာစရိယပူဇော်ပွဲ၊စာတမ်းဖတ်ပွဲနှင့်မိတ်ဆုံစားပွဲကို၂၀၀၄ခုနှစ်နိုဝင်ဘာလအတွင်းတွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်သတ္တုဗေဒအင်ဂျင်နီယာဘွဲ့ရများအားလုံးဖော်ပြပါဖုန်းနံပါတ်များနှင့်ပုဂ္ဂိုလ်များသို့ဆက်သွယ်ကြပါရန်နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်–

၁။	ဒေါက်တာဒေါ်ဗွီဆိုင်းမွန်း	၀၁–၆၄၂၄၀၉
၂။	ဦးညွန့်ငွေ	၀၁–၇၀၈၈၆၁
၃။	ဗိုလ်မှူးကြီးဉာဏ်ထွန်းဦး	၀၉၈၀–၃၄၃၈၅/၀၃၁၂၅၆၇၂
၄။	ဒေါ်သန်းသန်းအေး	၀၁–၆၄၀၀၃၅
၅။	ဦးသံဆင်မြင့်–ဒေါ်ခင်မြင့်လှိုင်	၀၁–၅၃၉၅၂၈/၀၁–၅၆၂၃၃၄
၆။	ဒေါ်ဥမ္မာခင်	၀၁–၇၀၅၇၂၁
၇။	ကိုမင်းမင်းမောင်	၀၉၅၀၁၅၁၁၃

မန္တလေးတိုင်း တောင်သာမြို့နယ် တလိုင်းရပ်ရွာသစ်အထက်တန်းကျောင်း
ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မန္တလေးတိုင်း တောင်သာမြို့နယ် တလိုင်းရပ်ရွာသစ် အထက်တန်းကျောင်း ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့တွင် ၂၀၀၄ခုနှစ်၊ ဇူလိုင်လအတွင်းတွင် ကျင်းပမည်ဖြစ်ပါ၍ အသက်(၆၀)ပြည့် အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်သတင်းပေးပို့ပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့်လည်း ဆက်သွယ်လှူဒါန်းကြပါရန်နှင့် ပူဇော်ပွဲတက်ရောက်ကြပါရန် နှိုးဆော်တိုက်တွန်း အပ်ပါသည်။

(ပူဇော်ပွဲရက်ကို ထပ်မံကြေညာပါမည်)

ဆက်သွယ်ရန်လိပ်စာများ

၁။ဗိုလ်မှူးကြီးအောင်ချစ် ဖုန်း–ရုံး–၂၅၁၉၃၇၊အိမ်–၆၉၀၁၀၄ စက်မှုလက်မှုဘဏ်၊ ခ်–၂၊ ရတနာကျွန်းရိပ်သာ၊မြောက်ဥက္ကလာပမြို့နယ်။

၂။ဦးအောင်သောင်း ပါမောက္ခ(ငြိမ်း) ဖုန်း–၅၀၅၅၀၂၊ ၁၃ ရတနာလမ်း (၃)ရပ်ကွက်၊ ကမာရွတ်။

၃။ဦးဟန်မြင့် ဖုန်း–၆၉၀၀၀၃၊ ၀၉ ၅၀၀၈၅၁၉၊ စိန်သုံးလုံး ငံပြာရည်စက်ရုံ၊ အမှတ်(၃)၊ ပဒုမ္မာလမ်း၊ စက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်။

(၄)ဦးစိုးမောင် ဖုန်း–၆၆၆၉၃၄၊ရုံး–၂၄၁၈၂၈ ဗဟိုတရားရုံးချုပ်ရှေ့နေ၊ ၂၄၁၈၂၉၊၁၀/ဦးဘဟန်လမ်း၊ သမိုင်း။

(၅)ဦးသိန်းအောင် ဖုန်း–၃၈၀၆၄၀ ကုန်သွယ်လယ်ယာ(ငြိမ်း) အမှတ်(၁၇၅)(ပ)ထပ်၊ ၃၁ အထက်လမ်း၊

(၆)ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း–၅၇၇၀၇၂၊ ၅၇၂၄၁၁၊ ကျောင်းအုပ်ဆရာမကြီး လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကင်းပညာရေးကောလိပ်၊ ရန်ကုန်မြို့။

